ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ သောကြာနေ့ (5-8-2011) (၆၇၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာရှပစိဖိတ်ဒေသသည် စွမ်းအင်သုံးစွဲမှု အများဆုံးဒေသများမှ တစ်ခုဖြစ်လာ

စွမ်းအင်လိုအပ်မှုမြင့်တက်ခြင်းနှင့် လူဦးရေတိုးတက်ခြင်းတို့ကို ဂရုမပြုလျှင် ဆင်းရဲနွမ်းပါးမှု မြင့်တက်လာမည်

နေပြည်တော် ဩဂုတ် ၄

AFOC အဖွဲ့ဝင်နိုင်ငံများ၏ ကျောက်မီးသွေးစွမ်းအင်အရင်းအမြစ် မတူညီခြင်းနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးမှု မတူညီခြင်းတို့ကြောင့် ထုတ်လုပ်မှုနှင့်သုံးစွဲမှုအဆင့်များ သာမန်အားဖြင့် ကွဲပြားမှုရှိပါကြောင်း၊ AFOC သည် ကျောက်မီးသွေး ကုန်သွယ်မှုတိုးမြှင့်ရေး၊ နည်းပညာသစ်များ တိုးတက်ရေး၊ ကာဗွန်ဖမ်းယူမှုနှင့် ထိန်းချုပ်မှု၊ ကျောက်မီးသွေး ဂက်စ်စီဖိုင်ယာတို့ကို ရေရှည်ရည်မှန်းချက်များနှင့်စီမံကိန်းများအဖြစ် ထင်ရှားစွာ ချမှတ်ထားပါကြောင်း၊ ထုတ်လုပ်သူနှင့်သုံးစွဲသူ နှစ်ဦးနှစ်ဖက်ကျေနပ်မှုရရှိမည့် ကာဗွန်ဖမ်းယူမှုနှင့် ထိန်းသိမ်းမှု နည်းပညာသစ်များ၊ ကျောက်မီးသွေးဂက်စ်စီဖိုင်ယာ၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချရေး စသည်တို့ကို ယခုဖိုရမ်တွင် ဆွေးနွေးကြခြင်းဖြင့် အာဆီယံဒေသ ရေနံလုံခြုံရေးသဘောတူညီချက်(APSA)နှင့် အလားတူသည့် ထုတ်လုပ်မှု လုံခြုံရေးဖြစ်ပါကြောင်း၊ အာဆီယံစွမ်းအင်ကဏ္ဍပူးပေါင်းမှုသည် အာဆီယံစွမ်းအင်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (APAEC 2010-2015) တွင် ဖော်ပြထားပြီး ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့်နည်းပညာတို့ကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အကူအညီဖြင့် ရှာဖွေရမှာဖြစ်ကြောင်းနှင့် JCOAL ၏ တန်ဖိုးရှိသော ကူညီမှုများအတွက် ကျေးဇူးအထူးတင်ပါကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့ပြင် အာရှပစိဖိတ်ဒေသသည် လူဦးရေတိုးမြင့်မှုနှင့် စီးပွားရေးတိုးတက်မှုတို့ကြောင့် စွမ်းအင်သုံးစွဲမှု အများဆုံးဒေသများမှ တစ်ခုဖြစ်လာပါကြောင်း၊ ၂၀၃၀ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှုသည် နှစ်ဆခန့်ဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း၊ စွမ်းအင်လိုအပ်မှု မြင့်တက်ခြင်းနှင့်လူဦးရေတိုးတက်ခြင်းတို့ကို ဂရုမပြုလျှင် ဆင်းရဲနွမ်းပါးမှု မြင့်တက်လာမှာဖြစ်ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မီးသွေးကြောများကို ထိရောက်စွာ ဖော်ထုတ်ရန်နှင့် ပုဂ္ဂလိကကဏ္ဍစူးစမ်းရှာဖွေမှုများအတွက် အခွင့်အလမ်းများ ပေးစွမ်းနိုင်ရန် ပုဂ္ဂလိက ကျောက်မီးသွေးသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများကို ကျောက်မီးသွေးသတ္တုလုပ်ငန်းရှင်များအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရန် စည်းရုံးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသတ္တုတွင်း လုပ်ငန်းရှင်များအဖွဲ့သည် ပုဂ္ဂလိက ကျောက်မီးသွေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၏ အဓိကအဖွဲ့ဖြစ်လာနိုင်ပါကြောင်း၊ ကုန်သွယ်မှု၊ နည်းပညာ စဉ်ဆက်မပြတ်ရရှိနိုင်မှုနှင့် အာဆီယံစွမ်းအင်ပူးပေါင်းဆောင်ရွက်မှု **စာမျက်နှာ ၃ ကော်လံ ၁ သို့**◆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ ကြေးမုံ သတင်းအညွှန်း

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း

(သတင်း)စာမျက်နှာ-၉

မင်းဘူး(စကု)မြို့နှင့် ပုသိမ်-မုံရွာလမ်းမကြီး ဆက်သွယ်ပေးသော ရိုးကြီးချောင်းတံတားဖွင့်

(သတင်း)စာမျက်နှာ-၈

ဂျပန်ပရိသတ်များကို ဆွဲဆောင်နိုင်ခဲ့သည့် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့

(သတင်း)စာမျက်နှာ-၈

အမေရိကန်အပူလှိုင်းကြောင့် ဒါးလပ်စ်၌ ၁၂ ဦးသေဆုံး

(သတင်း)စာမျက်နှာ-၄

ကြေးမုံ အင်တာနက်စက်ရုပ်နည်းပညာသတင်း ကြေးမုံ

ဘာသာပြန် - ရေမောင်

ရေပေါ်လမ်းလျှောက်နိုင်သောစက်ရုပ် တရုတ်သိပ္ပံပညာရှင် တီထွင်ထုတ်လုပ်

ပေကျင်း ဩဂုတ် ၄

ရေပေါ်၌ လမ်းလျှောက်နိုင်စွမ်းရှိသော စက်ရုပ်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်တစ်ဦးက တီထွင်ထုတ်လုပ်ထားကြောင်း "အသုံးချရုပ်ပစ္စည်းများ" အမည်ရှိ ဂျာနယ်က ဩဂုတ် ၄ ရက်တွင် ရေးသားဖော်ပြသည်။

ရေမျက်နှာပြင်ပေါ်၌ လမ်းလျှောက်ကာ သွားလာနိုင်သော အင်းဆက်ပိုးမွှားအချို့၏ ခန္ဓာဗေဒဖွဲ့စည်းပုံကို နမူနာယူကာ မိုက္ကရိုစက်ရုပ်ငယ်ကို ထုတ်လုပ်ထားသည်။

တရုတ်နိုင်ငံရှိ စီကျန်းတက္ကသိုလ်မှ ဓာတုဗေဒအင်ဂျင်နီယာ တွဲဖက်ပါမောက္ခ ကျင်မင်းပန် ဦးဆောင်သော အဖွဲ့က ရေပေါ်၌ လမ်းလျှောက်နိုင်သော စက်ရုပ်ငယ်ကို တီထွင်ထုတ်လုပ်ထားသည်။

ရေပေါ်၌ လမ်းလျှောက်နိုင်သောစက်ရုပ်ကို စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေး လုပ်ငန်း၌လည်းကောင်း၊ ရေထုညစ်ညမ်းမှု **စာမျက်နှာ ၃ ကော်လံ ၁ သို့**❐



အင်းဆက်ပိုးမွှား၏ ခန္ဓာဗေဒဖွဲ့စည်းပုံကို နမူနာယူကာ ထုတ်လုပ်ထားသည့် ရေပေါ်လမ်းလျှောက်နိုင်သော စက်ရုပ်ငယ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၅ - ၈ - ၂၀၁၁
(သောကြာနေ့)

သီးနှံအထွက်တိုး မျိုးစေ့များ ပိုမိုထုတ်လုပ်

မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာတွင် ဆန်စပါးအများဆုံး တင်ပို့နိုင်ခဲ့သော နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်မှုများကို အများစုလုပ်ကိုင်နေကြသည်။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲလာမှုကြောင့် နိုင်ငံအများအပြားတွင် စားနပ်ရိက္ခာ ဖူလုံစိတ်ချရရေးသည် ပိုမိုလိုအပ်လာလျက်ရှိသည်။ ယင်းသို့သော အခြေအနေတွင် စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ဒေသများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ပြည်သူများ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့သည် ရှေ့တန်းတင်အလေးထားကြရမည့် လုပ်ငန်းစဉ်များ ဖြစ်လာနေပေပြီ။

မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကဏ္ဍ ခေတ်နောက်ကျမကျန်စေရေး ကြိုးပမ်းကြရပေမည်။ တစ်ဧကအထွက် နှစ်ဆမှ သုံးဆအထိ တိုးတက်ထွက်ရှိနိုင်သည့် အရည်အသွေးကောင်း၊ စားသုံး၍ကောင်းသော စပ်မျိုးစပါးများ ထုတ်လုပ်နိုင်ရေး အားထုတ်ကြရမည်ဖြစ်သည်။ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်သွားနိုင်ရန် လိုအပ်သည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အလွန်အရေးပါသည်။ စိုက်ပျိုးရေးပညာရှင်များက တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်တာဝန်ယူကြရန် လိုအပ်သည်။ တောင်သူလယ်သမားများ အမှန်တကယ် ဝင်ငွေတိုးအကျိုးရှိစေမည့် စပ်မျိုးစပါးမျိုးစေ့များ သုတေသနပြု ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးစားကြရပေမည်။

စပါးသာမက အခြားသီးနှံများပါ တစ်ဧက အထူးအထွက်တိုးသည့် မျိုးစေ့များ ပိုမိုထုတ်လုပ်ပေးရေး၊ လေ့ကျင့်ပေးရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို သုတေသနလုပ်ငန်းများမှသည် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်အရောက် လက်ဆင့်ကမ်း ပညာဝေငှပေးသွားကြရပေမည်။ အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးနိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်နိုင်ရေး ပညာရှင်များက တစိုက်မတ်မတ် ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်သည်။

သက်ဆိုင်ရာဌာနနှင့် ပညာရှင်များအပိုင်းက သီးနှံအထွက်တိုး အကျိုးရှိမည့် မျိုးစေ့များ ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးခြင်း၊ ပေါင်းစနစ်ဖြင့် ပျိုးထောင်ပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းများတွင် လက်တွေ့လေ့လာစေခြင်း၊ လယ်ယာကဏ္ဍထွက်ကုန်သီးနှံများ တင်ပို့ရောင်းချရာတွင် ဈေးကွက်နှင့် ဈေးကောင်းရရှိရေး ပူးပေါင်းဆောင်ရွက်ကြခြင်းတို့ဖြင့် မြန်မာ့လယ်ယာကဏ္ဍထုတ်လုပ်မှု တစ်ခေတ်ပိုမိုဆန်းသစ်လာမည်ဖြစ်ပေသည်။ ။

မော်လမြိုင်ကျွန်းမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မျိုးဝင်း ဇူလိုင် ၂၆ ရက်က ဒေါင်းရေကျော်ကျေးရွာ မူလတန်းကြိုကျောင်းခန်းမ၌ ကျေးရွာအုပ်စုအလိုက် တောင်သူဦးရေနှင့် လုပ်ခွင့်ရကေစာရင်းများ ကောက်ယူမှုအခြေအနေများကို ဆွေးနွေးဟောပြောစဉ်။ (၁၆၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၄၄၉	၀. ၀၃၃၅၁
တရုတ် (ယွမ်)	၆. ၄၃၉၂၀	၀. ၁၅၅၃၀
အိန္ဒိယ (ရူပီး)	၄၄. ၅၄၀၀	၀. ၀၂၂၄၅
မလေးရှား (ရင်းဂစ်)	၂. ၉၇၉၀၀	၀. ၃၃၅၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၄၃၅	၀. ၈၂၃၄၉
ဂျပန် (ယန်း)	၇၉. ၄၉၁၆	၀. ၀၁၂၅၈
တောင်ကိုရီးယား(ဝမ်)	၁၀၆၁. ၇၄	၀. ၀၀၀၉၄
ယူရို	၀. ၇၀၂၅၄	၁. ၄၂၃၄၁
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၉၆	၁. ၆၃၆၇၆

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် ကွန်ပျူတာတက္ကသိုလ်နှင့် မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကန်ခေါင်းရပ်ကွက်ရှိ သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံပြီး သင်တန်းကျောင်းအတွက် ဆန် ၁၀ အိတ်၊ ဆီတစ်ပုံး၊ ငါးသေတ္တာနှင့် တီဗွီတစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာ ကွင်းအမှတ်(၂၆၆)ရှိ လယ်မြေ ၁၀ ဧက၌ စုပေါင်းတမန်းနှီးသဘာဝမြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြိတ်ကွန်ပျူတာတက္ကသိုလ်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် **(ယာပုံ)** နှင့် ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းရှင်များသည် မြိတ်တောင်ရပ်ကွက်၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မတည်ငွေပေးအပ်ပွဲသို့ တက်ရောက်၍ လက်လုပ်လက်စား နွမ်းပါးသူများအား မတည်ငွေများကို ပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု လုပ်ငန်းခွင်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၄

အသေးစား ပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု လုပ်ငန်းခွင်သင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း (ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းသို့ ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၃၀ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။(သတင်းစဉ်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၄

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ၏ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ နယ်စပ်/စည်ပင် ဓမ္မာရုံ၌ ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်နိုင်ပြီး အလှူငွေများကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ ၀၉-၇၃၁၂၈၁၆၈၊ ဦးမြင့်သိန်း ဖုန်း-၀၉-၈၆၂၅၅၆၄၊ ဦးတင်ငြိမ်း ဖုန်း-၅၄၀၇၅၂၊ ဦးစိန်မြင့် ဖုန်း-၅၆၄၀၉၃၊ ဦးသိန်းဋ္ဌေး ဖုန်း-၀၉-၅၁၉၁၆၅၅ နှင့် ဒေါ်ကြည်သာမော် ဖုန်း-၀၉-၅၁၄၄၁၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၄

အကြိမ်(၂၀)မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုကို ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပလျက်ရှိပြီး မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါဆေးရုံကြီး အရေးပေါ်ဌာနရှိ Day Care ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုညိုလတ်က အကြိမ်(၂၀)မြောက် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် ဆောင်ပုဒ် "ရင်သွေးငယ်တို့ ကျန်းမာဖို့၊ ရိုင်းပင်းကူညီဆွေးနွေးလို့၊ မိခင်နို့ချိုတိုက်ကျွေးစို့" နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာစိုးလွင် (တွဲဖက်ပါမောက္ခ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)က မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာဒေါ်နှင်းဦး (မွေးကင်းစကလေး အထူးကုဆရာဝန်)က မွေးကင်းစကလေးငယ်များအား မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်း အကြောင်းကိုလည်းကောင်း၊ သူနာပြုဆရာမကြီး ဒေါ်လဲ့လဲ့ဝင်းက ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝစွာ စားသောက်ရေး အကြောင်းကိုလည်းကောင်း ဟောပြောပို့ချကြသည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုညိုလတ် ရင်သွေးငယ်တို့ ကျန်းမာဖို့၊ ရိုင်းပင်းကူညီဆွေးနွေးလို့၊ မိခင်နို့ချိုတိုက်ကျွေးစို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား Oxfam Great Britain မှ Country Director နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား Oxfam Great Britain(Oxfam) မှ Country Director Mr. John Patrick James Prideaux - Brune နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား Oxfam Great Britain(Oxfam) မှ Country Director Mr. John Patrick James Prideaux - Brune နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

အစီအစဉ် (APAEC 2010-2015)နည်းလမ်းများကဲ့သို့ ကျောက်မီးသွေး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို မြော်တွေးရင်း အာဆီယံကျောက်မီးသွေးကောင်စီအတွက် အကျိုးဖြစ်ထွန်းသော ဆွေးနွေးမှုဖြစ်ပါစေကြောင်းဖြင့် ထပ်လောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံကျောက်မီးသွေးကောင်စီဥက္ကဋ္ဌ Dr. M. LOBO BALIA နှင့် အာဆီယံဗဟိုစွမ်းအင်ဌာန ယာယီအမှုဆောင် ဒါရိုက်တာ Mr. CHRISTOPHER G. ZAMORA တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အာဆီယံကျောက်မီးသွေးကောင်စီအလှည့်ကျဥက္ကဋ္ဌအဖြစ် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်အား ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးအရင်းအမြစ်နှင့် လက်ကျန်အခြေအနေ၊ ကျောက်မီးသွေးဆင့်တက်ပြုလုပ်ခြင်း၊ CCT နှင့်ကာဗွန်ဖမ်းယူခြင်းနည်းပညာ၊ ကျောက်မီးသွေးဈေးနှုန်းအညွှန်းကိန်း ၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်မြှင့်တင်မှုကဏ္ဍကိုလည်းကောင်း၊ မလေးရှားနိုင်ငံမှ အာဆီယံဒေသတွင်း ကျောက်မီးသွေးအရည်အသွေးစစ်ဆေးခြင်း၊ အာဆီယံဒေသတွင်း ကျောက်မီးသွေးအသုံးပြုမှုနှင့် ကုန်သွယ်မှုကဏ္ဍကိုလည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အအောင်မြင်ဆုံး CCTနမူနာတစ်ခုကဏ္ဍကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် ကျောက်မီးသွေးအားသာမှုများ၊ အာရှရှေ့ဆောင် CCT၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကဏ္ဍကို လည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ကျောက်မီးသွေးသုံးစက်ကိရိယာများ တစ်ပြေးညီဖြစ်စေရေး၊ ကျောက်မီးသွေးဆိုင်ရာ ဆုတံဆိပ်များအပ်နှင်းမှု ကဏ္ဍကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံကျောက်မီးသွေးသတင်းစာ ဖြန့်ချိမှုကဏ္ဍကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ရေး၊ မြန်မာနိုင်ငံ ကျောက်မီးသွေးအလားအလာကဏ္ဍကိုလည်းကောင်း၊ ဂျပန်နိုင်ငံမှ ဂျပန်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြား အနာဂတ်ကျောက်မီးသွေး ကုန်သွယ်မှုကဏ္ဍကိုလည်းကောင်း အသီးသီး ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။

နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ညပိုင်းတွင် နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား သတ္တုတွင်းဝန်ကြီးဌာနက ဂုဏ်ပြုညစာဖြင့် တည့်ခင်းဧည့်ခံကျွေးမွေးသည်။

အဆိုပါ နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးသို့ အာဆီယံဗဟိုစွမ်းအင်ဌာန၊ အာဆီယံကျောက်မီးသွေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

❒ **ရေပေါ်မှ**

လေ့လာစောင့်ကြည့်ရေးလုပ်ငန်း၌ လည်းကောင်း၊ အခြားသောလုပ်ငန်းများ၌ လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကျင်မင်းပန်က ပြောကြားသည်။

ပိုမိုလျင်မြန်

တရုတ်သိပ္ပံပညာရှင်အဖွဲ့ တီထွင်ထုတ်လုပ်သော အဆိုပါစက်ရုပ်သည် သုတေသီများ ယခင်ကထုတ်လုပ်ခဲ့သည့် အလားတူစက်ရုပ်များထက် ပိုမိုလျင်မြန်စွာ သွားလာနိုင်ပြီး ထုတ်လုပ်မှုစရိတ်အရလည်း ပိုမိုသက်သာသည်။

ခြေ ၁၀ ချောင်းပါ

ရေပေါ်လမ်းလျှောက်နိုင်သော စက်ရုပ်၌ စူပါဟိုက်ဒရိုဖိုဘစ်ဝိုင်ယာဟုခေါ်တွင်သော ခြေထောက် ၁၀ ချောင်း ပါရှိပြီး လှုပ်ရှားနိုင်သော ခြေထောက်နှစ်ချောင်းလည်း ပါဝင်ကြောင်း၊ ယင်းခြေထောက်နှစ်ချောင်းမှာ လျှော်တက်ပုံသဏ္ဌာန်ဖြစ်ကာ အသေးစားဒီစီမော်တာ နှစ်လုံးဖြင့် တွန်းကန်အား ဖြစ်ပေါ်စေသည်။

အဆိုပါစက်ရုပ်ငယ်သည် ရေမျက်နှာပြင်ပေါ်တွင် ရပ်တန့်နေနိုင်သည့်အပြင် လမ်းလျှောက်ခြင်းနှင့် လှည့်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်ကြောင်း ကျင်မင်းပန်က ပြောကြားသည်။

အင်တာနက်။

ဥပုသ်သည်နှင့် သိမှတ်ဖွယ်စာအုပ် ဒုတိယအကြိမ်ထုတ်ဝေ

စေတနာလှိုင်(ရေစကြို)၏ ဥပုသ်သည်နှင့် သိမှတ်ဖွယ်စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။ ထိုစာအုပ်တွင် သီလ၏စွမ်းအားများ၊ သီလာနုဿတိ ဘာဝနာပွားနည်း၊ ဘုန်းတော်ကြီး ဦးသီလ၏ အထိရောက်ဆုံးတရား၊ သီလနှင့် ပတ်သက်သော အဆုံးအမဩဝါဒများ၊ ငါးပါးသီလ အကျယ်ဖွင့်ဆိုချက်၊ ငါးပါးသီလ အကျိုးနှင့်အပြစ်၊ ဥပါသကာဟူသည်၊ ဥပုသ်သည်ဆိုသည်မှာ၊ ဥပုသ်သည်တို့၏ ပြုဖွယ်ကိစ္စများ၊ ရှစ်ပါးသီလ အကျယ်ဖွင့်ဆိုချက်၊ ဩကာသ အကျယ်ဖွင့်ဆိုချက်၊ ဘုရားရှိခိုး ရှင်းလင်းချက်၊ သရဏဂုံ ဆောက်တည်မှုရှင်းလင်းချက်၊ ဥပုသ်စောင့်ခြင်း အကျိုး၊ ဥပုသ်အမျိုးမျိုး၊ ကိုးပါးသီလနှင့် ၁၀ ပါးသီလအကျယ်ဖွင့်ဆိုချက်၊ လူပုဂ္ဂိုလ်များနှင့် ၁၀ ပါးသီလ၊ ဥပုသ် တစ်ကြိမ်စောင့်သူ၏ကြီးမားသောအကျိုး၊ ဥပုသ်စောင့်ခြင်း လက်ငင်းအကျိုး၊ သစ်ကျုတ်ဥပုသ်စောင့်သလို မဖြစ်ဖို့လိုသည်၊ ဥပုသ်သည်နှင့် စိပ်ပုတီး၊ ဥပုသ်သီလဆိုင်ရာ အမေး၊ အဖြေ စသည်တို့ကို စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ရန်အောင်စာပေ တိုက်(၁၇) အခန်း(၂၃) ရွှေအုန်းပင်အိမ်ရာ အနောက်ရန်ကင်း ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ တို့၌ ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

ရုံးလုပ်ငန်းလက်စွဲ ထုတ်ဝေဖြန့်ချိ

နိုင်ငံ့ဝန်ထမ်းများ အဓိကမှီငြမ်းကိုးကားနိုင်မည့် ရုံးလုပ်ငန်းလက်စွဲစာစောင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်မှုယန္တရားသစ်၊ ခေတ်စနစ်နှင့် လျော်ညီစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြင်ဆင်ပြုစု ပုံနှိပ်ထုတ်ဝေလိုက်ကြောင်း သိရသည်။

ဆက်သွယ်မှာယူနိုင်

အဆိုပါစာအုပ်ကို မှာယူလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၅၃၊ ဝန်ထမ်းရေးရာဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၁၇၂၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖုန်း-၀၆၇-၄၀၉၁၇၃နှင့် ရုံးအမှတ်(၁၇) နေပြည်တော် ဖက်စ်-၀၆၇-၄၀၉၁၇၅ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်းနှင့် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

ဦးရဲဝေ(မြန်မာစာ)၏ ပညာ့ကြယ်ပွင့် အလယ်တန်း စာစီစာကုံးများစာအုပ် ထုတ်ဝေဖြန့်ချိ

ဦးရဲဝေ(မြန်မာစာ)၏ ပညာ့ကြယ်ပွင့် အလယ်တန်းစာစီစာကုံးများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် မြန်မာ့(၁၂)လရာသီ စာစီစာကုံးများ၊ နေ့ထူးနေ့မြတ် အထိမ်းအမှတ် စာစီစာကုံးများ၊ အမျိုးဂုဏ် ဇာတိဂုဏ် စာစီစာကုံးများ၊ စကားပုံ စာစီစာကုံးများ၊ သဘာဝရှုခင်းအလှမြင်ကွင်း စာစီစာကုံးများ၊ တွေးတောခံစား စာစီစာကုံးများနှင့် ပညာ့ကြယ်ပွင့် စာစီစာကုံးများဟူ၍ အခန်းအလိုက် အပုဒ်ပေါင်း ၁၀၀ ကျော် ပါရှိသည်။

ယင်းစာအုပ်ကို စံပယ်ပွင့်စာပေက ထုတ်ဝေပြီး စံပယ်ပွင့်စာပေနှင့် နဂါးစာပေ (မန္တလေး)တို့က တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှကြီးမှူး၍ ပဉ္စမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဝင်များ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဗီယက်နမ်၌ ခြောက်နှစ်အတွင်း ရေငုပ်သင်္ဘောတပ်ဖွဲ့ ထူထောင်မည်

ဟန္နိုင် ဩဂုတ် ၄

ဗီယက်နမ်နိုင်ငံသည် ခြောက်နှစ်အတွင်း ရေငုပ်သင်္ဘောတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင် ကျူအိုထရီ သတင်းစာက ဩဂုတ် ၄ ရက်တွင် ရေးသားဖော်ပြသည်။

လာမည့် ငါးနှစ်မှ ခြောက်နှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ ကီလို ၆၃၆ ကလပ်စ်အမျိုးအစား ရေငုပ်သင်္ဘော ခြောက်စင်းဖြင့် ရေငုပ်သင်္ဘောတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖွန်ယွန်သန်းက ပြောကြားသည်။

ရေငုပ်သင်္ဘောတပ်ဖွဲ့ထူထောင်ခြင်းသည် ဒေသတွင်းနိုင်ငံများ၏လုံခြုံရေးကို ခြိမ်းခြောက်ရန် ရည်ရွယ်ချက် လုံးဝမရှိကြောင်း၊ ရေငုပ်သင်္ဘောများ၊ ဒုံးကျည်များ၊ ဂျက်တိုက်လေယာဉ်များနှင့် စစ်သုံးကိရိယာများကို ဝယ်ယူခြင်းသည် နိုင်ငံတော် ကာကွယ်ရေးအတွက်သာလျှင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်းရဲတပ်ဖွဲ့အတွက် မှာယူထားသော ကမ်းရိုးတန်းကင်းလှည့်လေယာဉ် သုံးစင်းအနက် ပထမဆုံးသော ကင်းလှည့်လေယာဉ်တစ်စင်းကို လက်ခံရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ဒီဇယ်နှင့် လျှပ်စစ်စွမ်းအင်နှစ်မျိုးသုံး ရေငုပ်သင်္ဘောများ ဝယ်ယူဖွယ်ရှိကြောင်း ရုရှားသတင်းဌာနများက ရေးသားဖော်ပြခဲ့သည်။ ***အင်တာနက်။***

အမ်အိုင်ဂျီ ဂျက်တိုက်လေယာဉ် ၁၁ စင်း ရုရှားက အိန္ဒိယသို့ တင်ပို့

မော်စကို ဩဂုတ် ၄

ရုရှားနိုင်ငံလုပ် အမ်အိုင်ဂျီဂျက်တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လာမည့်နှစ်၌ အိန္ဒိယနိုင်ငံသို့ပေးပို့မည့် လေယာဉ်တင်သင်္ဘော၌ အသုံးပြုနိုင်ရန် အမ်အိုင်ဂျီအမျိုးအစား ဂျက်တိုက်လေယာဉ် ၁၁ စင်းကို ရုရှားနိုင်ငံက တင်ပို့ပေးလိုက်ပြီဖြစ်ကြောင်း အမ်အိုင်ဂျီကော်ပိုရေးရှင်း အကြီးအကဲ ဆာဂေးကိုရိုကော့က ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

အမ်အိုင်ဂျီ ဂျက်တိုက်လေယာဉ် နောက်ထပ်ငါးစင်းကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ လွှဲပြောင်းပေးရန် စီစဉ်ထားကြောင်း ကိုရိုကော့က အင်တာဖက်စ် သတင်းအေဂျင်စီသို့ ပြောကြားသည်။

ရုရှားနိုင်ငံသည် အမ်အိုင်ဂျီ-၂၉ ကေ အမျိုးအစား တိုက်လေယာဉ် ၁၆ စင်းကို အိန္ဒိယနိုင်ငံသို့ ထုတ်လုပ်ရောင်းချပေးရန် ၂၀၀၄ ခုနှစ်က ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အိန္ဒိယရေတပ်အတွက်ပေးပို့မည့် အက်ဒမီရယ်ဂေါ်ရှာကော့အမည်ရှိ လေယာဉ်တင်သင်္ဘောကြီး၌ တိုက်လေယာဉ်သစ်များကို ဖြန့်ကြက်နိုင်ရန် အမ်အိုင်ဂျီတိုက်လေယာဉ်များ ထုတ်လုပ်ပေးရေးအတွက် အမ်အိုင်ဂျီကော်ပိုရေးရှင်းက သဘောတူညီခဲ့သည်။

အိန္ဒိယရေတပ်သည် ယင်းလေယာဉ်တင်သင်္ဘောအား ဝိကရာမာဒစ်ယာအမည်သစ်ဖြင့် အသုံးပြုနိုင်ရန် ကန်ထရိုက်စနစ်ဖြင့် မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ပြုလုပ်စေခဲ့သည်။

လေယာဉ်တင်သင်္ဘော မွမ်းမံပြင်ဆင်စရိတ် ပိုမိုကြီးလေးလာမှုကြောင့် ယင်းသင်္ဘောကို လွှဲပြောင်းပေးရန် နှောင့်နှေးကြန့်ကြာခဲ့သည်။

၂၀၁၀ ခုနှစ် မတ်လတွင် အမ်အိုင်ဂျီဂျက်တိုက်လေယာဉ် နောက်ထပ် ၂၉စင်းကို ထောက်ပံ့ပေးရန် ရုရှားနှင့် အိန္ဒိယတို့ သဘောတူညီခဲ့သည်။ အဆိုပါ ဂျက်တိုက်လေယာဉ်များအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျခံသုံးစွဲရမည်ဖြစ်သည်။ ***အင်တာနက်။***

ရုရှားအာကာသယာဉ်မှူးနှစ်ဦး သုတေသနကိရိယာ တပ်ဆင်ပေးခဲ့

မော်စကို ဩဂုတ် ၄

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာအာကာသစခန်းယာဉ်၏ အပြင်ဘက်မျက်နှာပြင်ပေါ်သို့ ထွက်ကာ သုတေသနကိရိယာတစ်ခုကို တပ်ဆင်ပေးခဲ့ကြောင်း ရုရှားအာကာသခရီးစဉ် ထိန်းချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ရုရှားအာကာသယာဉ်မှူးများဖြစ်ကြသော ဆာဂေးဗော်လ်ကော့နှင့် အလက်ဇန္ဒာဆာမိုကူယာနော့ဗ်တို့သည် သုတေသနကိရိယာတစ်ခုကို တပ်ဆင်နိုင်ရန် အာကာသအတွင်း ခြောက်နာရီကြာ လုပ်ကိုင်ခဲ့ကြသည်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် အာကာသစခန်းယာဉ်နှင့် ကမ္ဘာအကြား ဗီဒီယိုပုံရိပ်များ အပြန်အလှန် ပေးပို့နိုင်မည့် ကိရိယာကိုလည်းကောင်း၊ အဏုဇီဝပိုးမွှားများနှင့် မှိုဆိုင်ရာဆဲလ်များပါဝင်သော သတ္တုပုံးသုံးလုံးကိုလည်းကောင်း သုတေသနလုပ်ငန်းအတွက် တပ်ဆင်ပေးခဲ့သည်။ ***ဆင်ဟွာ။***

နိုင်ငံတကာအာကာသစခန်းယာဉ်၌ သုတေသနကိရိယာတစ်ခုအား ရုရှားအာကာသယာဉ်မှူးများ တပ်ဆင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်စခန်းဟောင်း၌ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု တောင်ကိုရီးယား စုံစမ်းစစ်ဆေး

ဆိုးလ် ဩဂုတ် ၄

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန် စစ်စခန်းဟောင်းတစ်ခု၌ မြေဆီလွှာအတွင်း ဓာတုဗေဒညစ်ညမ်းမှုလက္ခဏာများကို မတွေ့ရှိရကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ဆိုးလ်မြို့အနောက်ဘက် ဘူချွန်မြို့ရှိ မာကာစစ်စခန်း ဟောင်း၌ မြေဆီလွှာအတွင်း ဓာတုဗေဒညစ်ညမ်းမှုရှိ မရှိ မကြာသေးမီက စုံစမ်းစစ်ဆေးစေခဲ့ကြောင်း၊ သို့ရာတွင် ဒိုင်အောက်စင်ဓာတ် အနည်းအကျဉ်းမျှကိုသာ တွေ့ရှိခဲ့ရပြီး အဆိပ် အတောက်ဖြစ်စေနိုင်သော ဓာတုဗေဒရှက်ကြွေးဆေးများ၏ ညစ်ညမ်းမှုကို မတွေ့ရှိရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်စစ်စခန်းဟောင်းများ၌ အမေရိကန်တပ်ဖွဲ့က ဓာတုဗေဒပိုးသတ်ဆေးများကို တိတ်တဆိတ် စုပုံခဲ့သည်ဟူသောစွပ်စွဲချက်များ ပေါ်ထွက်ခဲ့ပြီးနောက် အစိုးရတာဝန်ရှိသူများက နှစ်လကြာ စုံစမ်းစစ်ဆေးခဲ့သည်။ ***ဆင်ဟွာ။***

ဆိုမာလီယာရှိ ဒေသသုံးခုကို အငတ်ဘေးဆိုက်ရောက်နေရာများအဖြစ် ကုလကြေညာ

မိုဂါဒစ်ရှူး ဩဂုတ် ၄

နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ကြုံတွေ့နေရသော ဆိုမာလီယာနိုင်ငံ၏ ဒေသသုံးခုကို အငတ်ဘေးဆိုက်ရောက်ရာဇုန်များအဖြစ် ကုလသမဂ္ဂက ဩဂုတ် ၃ ရက်တွင် ကြေညာခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံမြို့တော် မိုးဂါဒစ်ရှူးမြို့အတွင်းရှိ ဒုက္ခသည်စခန်းများတွင် လေ့လာတွေ့ရှိရသော ဒုက္ခသည်များ အာဟာရပြတ်လပ်မှုနှင့် သေဆုံးမှုနှုန်းများကို တိုင်းဆ၍ အငတ်ဘေးကျရောက်ရာ ဒေသနယ်နိမိတ်အား ချဲ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

မိုးခေါင်မှုကပ်ဘေး၏ နောက်ဆက်တွဲအငတ်ဘေးကျရောက်မှုသည် ဆိုမာလီယာနိုင်ငံ တောင်ပိုင်းဒေသအားလုံးဆီသို့ လာမည့်ရက်သတ္တလေးပတ်မှ ခြောက်ပတ်အတွင်း ပျံ့နှံ့ရောက်ရှိသွားနိုင်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံ အငတ်ဘေးကျရောက်မှုသည် ယခုနှစ် ဒီဇင်ဘာလထိတိုင်အောင် ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း အက်ဖ်အေအိုက ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ ပြောကြားချက်အရ ဆိုမာလီယာနိုင်ငံသား ၃ ဒသမ ၇ သန်းတို့သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရပြီး ၃ ဒသမ ၂ သန်းတို့သည် အသက်ရှင်သန်ရေးအတွက် အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။ ဆိုမာလီယာအပါအဝင် အာဖရိကဦးချိုဒေသမှ နိုင်ငံအများအပြားသည် မိုးခေါင်ရေရှားကပ်ဘေးနှင့် ရင်ဆိုင်နေကြရသည်။

အစိုးရအဖွဲ့၏ အာဏာစိုးရောက်မှုမရှိသော ဆိုမာလီယာနိုင်ငံတွင် စားနပ်ရိက္ခာဈေးနှုန်းများသည် လွန်စွာမြင့်တက်နေခဲ့ပြီး ပြည်သူထောင်ပေါင်းများစွာတို့သည် အငတ်ဘေးကြောင့် သေဆုံးခဲ့ကြရသည်။ အခြားသော ဆိုမာလီယာပြည်သူ ထောင်ပေါင်းများစွာတို့သည် စားနပ်ရိက္ခာ အကူအညီများရလိုရငြား အိမ်နီးချင်းကင်ညာနှင့် အီသီယိုးပီးယားနိုင်ငံများရှိ ဒုက္ခသည်စခန်းများကို ထွက်ပြေးခိုလှုံခဲ့ကြရသည်။ ***အင်တာနက်။***

မိုးခေါင်ရေရှားကပ်ဘေး၏ နောက်ဆက်တွဲ အငတ်ဘေးဆိုက်ရောက်မှုကြောင့်အာဟာရပြတ်လပ်မှုဝေဒနာကို ခံစားနေရသော ဆိုမာလီယာကလေးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်းဒေသ၌ အိတ်ချ်အိုင်ဗွီပိုး‌ရပ်စ် ကူးစက်မှု ကပ်ရောဂါသဖွယ် ဖြစ်နေ

လန်ဒန် ဩဂုတ် ၄

ပုရိသများအကြား လိင်တူချင်းဆက်ဆံမှုကြောင့် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသများရှိ နိုင်ငံများတွင် ကိုယ်ခံအား ကျဆင်းမှုရောဂါ(အေအိုင်ဒီအက်စ်) ကူးစက်ပျံ့နှံ့မှုသည် ကပ်ရောဂါသဖွယ် ဖြစ်လာကြောင်း ဩဂုတ် ၃ ရက်နေ့ထုတ် လေ့လာချက်တစ်ရပ်၌ ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများ၌ လိင်တူချင်းကာမစပ်ယှက်မှုကြောင့် ခုခံအားကျဆင်းမှုရောဂါပိုး(အိတ်ချ်အိုင်ဗွီ)ပျံ့နှံ့မှု ပိုမိုများပြားလာသလောဟူ၍ ခေါင်းစဉ်တင်ထားသည့် လေ့လာချက်တွင် လိင်တူချင်းကာမစပ်ယှက်မှုများပြားသည့် နိုင်ငံများ၌ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားရလွယ်ကြောင်း သတိပေးထားသည်။

လိင်တူချင်းကာမစပ်ယှက်မှုကြောင့် (အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်)ကူးစက်မှုနှုန်းသည် တခြားနိုင်ငံများထက်စာပါက အီဂျစ်၊ ဆူဒန်နှင့် တူနီးရှားနိုင်ငံများတွင် ၅ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း လေ့လာချက်တွင်ဖော်ပြသည်။

လေ့လာချက်များအရ လိင်တူချင်း ကာမစပ်ယှက်မှုကြောင့် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုသည် အီဂျစ်နိုင်ငံမြို့တော် ကိုင်ရို၌ ၅ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အလက်ဇန္ဒြီးယားမြို့ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ဆူဒန်နိုင်ငံ၌ ၉ ဒသမ ၃ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း မြောက်အာဖရိကနိုင်ငံများတွင် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရေးအတွက် လိင်တူချင်းကာမစပ်ယှက်မှုကို တားဆီးရေးသည် အဓိကဦးစားပေးရမည့် ဦးတည်ချက်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

အမေရိကန် အပူလှိုင်းကြောင့် ဒါးလပ်စ်၌ ၁၂ ဦး သေဆုံး

ဟူစတန် ဩဂုတ် ၄

အမေရိကန်နိုင်ငံ၌ ပြည်နယ်အများအပြားတွင် စံချိန်တင်ရလောက်အောင် အပူချိန်မြင့်တက်လျက်ရှိကြောင်း၊ ဒါးလပ်စ်မြို့၌ အပူလှိုင်းကျရောက်မှုကြောင့် ၁၂ ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ တတိယအကြီးဆုံး မြို့ကြီးဖြစ်သော ဒါးလပ်စ်မြို့၌ ၁၀၀ ဒီဂရီဖာရင်ဟိုက် (၃၈ဒီဂရီ ဆဲလ်စီးယပ်စ်)အထိ အပူချိန်မြင့်တက်ခဲ့သည်။

ဒါးလပ်စ်မြို့၌ ၃၂ရက်ဆက်တိုက် အပူချိန်မြင့်တက်ခဲ့ပြီး ဇွန်လလယ်နောက်ပိုင်း အပူလှိုင်းကြောင့် ၁၂ ဦး သေဆုံးခဲ့ရကြောင်း ဒါးလပ်စ်ဆေးဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးရုံး၏ အစီရင်ခံစာတွင် ဖော်ပြသည်။

တက္ကဆက်ပြည်နယ်ရှိ ဒါးလပ်စ်၊ အော်စတင်နှင့် ဆန်အင်တိုနီယိုမြို့တို့ အပါအဝင် မြို့ကြီးအများအပြား၌ ယခု ရက်သတ္တပတ်အတွင်း အပူချိန်စံချိန်တင်မြင့်တက်မည်ဟု ခန့်မှန်းထားသည်။

အမေရိကန်နိုင်ငံရှိ ပြည်နယ် ၁၄ ခုထက်မနည်းရှိ ဒေသများ၌ ပြည်သူများမှာ အပူရှိန်ဒဏ်ကို ပြင်းထန်စွာခံစားကြရကြောင်း အမျိုးသားရာသီဥတုဌာနက ပြောကြားသည်။ အမေရိကန်နိုင်ငံအလယ်ပိုင်း ဒေသတစ်ဝန်း၌ အပူလှိုင်းကြောင့် သေဆုံးရသူအများအပြားရှိခဲ့ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။ ***ဆင်ဟွာ။***

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်လက်ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ အထူးအရာရှိ သူရဦးစိန်သောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ဥရောပနိုင်ငံများ သမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မည့် မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအခမ်းအနားကို ဩဂုတ် ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးချုပ် အမှတ် (၇၉၇) အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ (၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၅၉၃၉၊ ၂၂၉၀၈၇နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ လသာမြို့နယ် အထက(၁) ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားတွင် လသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်သန်း လသာမြို့နယ် (၁၀)ရပ်ကွက်နေ ပြည်သူများထံသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါ်မြတ်မြတ်စိုး	ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ) ဦးကျော်ဝင်း	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ) ဦးတင်မိုး	ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဒေါ်သိန်းညွှန့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့
(ခ) ဦးချိုသန်းမောင် အထွေထွေမန်နေဂျာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ) ဦးဣန္ဒိလှ အထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

တောင်ကုတ်မြို့နယ် အသင်း (ရန်ကုန်) အသင်းတိုက် ဆောက်လုပ်ရန်အတွက် အမှတ်(၇၈/ဘီ) သုစိတ္တာလမ်း သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ ဦးမျိုးဆွေ-ဒေါ်မေရီစော မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ နာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် အမှုဆောင်များ လက်ခံရယူကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ ဇာတ်လမ်းတို
- ၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၀ ၇။ လျှပ်တစ်ပြက်
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၅ ၉။ လျှပ်တစ်ပြက်
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၂၂)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၁)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၆)**
- ၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်

လာထားအာဘွား(၂) ဆက်လက်ပြသ

ရန်ကုန် ဩဂုတ် ၄

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် ဩဂုတ် ၅ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ခြင်းမရှိဘဲ မကြာမီက ရုံတင်ပြသခဲ့သော မြန်မာရုပ်ရှင်ကားသစ် **လာထားအာဘွား(၂)** တစ်ကားတည်းသာ သမ္မတ၊ သွင်၊ မင်္ဂလာရုံ၊ မော်တင်ဂျန်းရှင်းရုံနှင့် Top Royal ရုံများတွင် တစ်ပြိုင်တည်းပြသမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများ၌ ပြသမည်ဖြစ်သည်။ ဇာတ်ကားအမျိုးအစားမှာ ပရိသတ်အကြိုက် ဟာသဇာတ်မြူးဖြစ်ပြီး ဟာသ သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြကာ ဤဇာတ်ကားတွင် မိုးမြင့်ဟိန်းအဖြစ် နေတိုး၊ ဉာဏ်ကျယ်အဖြစ် ဝေဠုကျော်၊ သွန်းစန္ဒီချစ်အဖြစ် သက်မွန်မြင့်နှင့် အမွေထိန်းအဖြစ် မေတ္တာတို့က ပီပြင်စွာ သရုပ်ဆောင်ထားကြသည်။

လာထားအာဘွား (၂) ဇာတ်ကားမှ နေတိုးနှင့် သက်မွန်မြင့်။

မြို့လယ် ဆုထူးပန်ရုံတွင် ပြေတီဦး၊ သက်မွန်မြင့်တို့ ပါဝင်သော **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဇာတ်ကားနှင့် ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် **အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်** ဇာတ်ကားများ ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် ပြသဆဲပရိသတ်အားပေးမှုမြင့်မားဆဲ ဇာတ်ကားတစ်ကားဖြစ်သည့် TRANSFORMERS: DARK OF THE MOON သိပ္ပံခေတ်လွန်ဇာတ်ကားပြသမည် ဖြစ်သည်။ စကြဝဠာအတွင်းရှိ ဂြိုဟ်တစ်ခုမှ ယာဉ်တစ်စီး လ၏အမှောင်ခြမ်းတွင် ပျက်ကျရာမှ ထိုယာဉ်ပျံပိုင်ရှင်ဂြိုဟ်သားများမှာ ကမ္ဘာမြေသို့ ကျူးကျော်မည့်သူများဖြစ်နေသည်ကို ကမ္ဘာမြေမှ သိပ္ပံပညာရှင်များသိရှိသွားပြီး ကမ္ဘာမြေအား ကာကွယ်သည့် စစ်ပွဲများဖြစ်ရပုံကို ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ နေပြည်တော်ရုံတွင် ပြသမည့် HARRY POTTER AND THE DEATHLY HALLOW PART-2 ဇာတ်ကားမှာ ပရလောကမှ တန်ခိုးရှင်များ၏ ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် စိတ်နယ်လွန်ဇာတ်ကားတစ်ကားဖြစ်ကာ မူရင်းဝတ္ထုမှာ နာမည်ကြီး အရောင်းရဆုံး ဝတ္ထုအဖြစ် နာမည်ကျော်ခဲ့သည့်နည်းတူ ရုပ်ရှင်အဖြစ် အသက်သွင်းရာတွင်လည်း နာမည်ကျော်ခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

နိုင်ငံကို စွန့်ခွာခြင်း

မောင်တင်အေး(သရက်)

သည်အကြောင်းအရာကို စာတစ်ပုဒ်အဖြစ် ရေးချင်နေခဲ့သည်မှာ အတော်ကြာပြီ။ ကနေ့ အချိန်အခါတွင်တော့ ရေးချိန်တန်ပြီဟု ယူဆမိ၍ ရေးဖြစ်ပါသည်။ စာရေးသူ၏အမြင်မျှသာဖြစ်၍ လက်သင့်မခံလိုသူတို့လည်း ရှိပေလိမ့်မည်။

ကမ္ဘာပေါ်တွင် ယေဘုယျအားဖြင့် နိုင်ငံမဲ့လူသားနှင့် နိုင်ငံရှိလူသားဟူ၍ ခွဲခြားရှုမြင်လိုသည်။ ခေါင်းစဉ်အရ ပိုင်းခြားခြင်းဖြစ်ပါ၏။

ဒီနေ့ခေတ်သတင်းစာများ၌ နိုင်ငံကို ဖော်ထုတ်ရန်ကြိုးစားကြသူများ၊ လက်ရှိကမ္ဘာ့မြေပုံမှ မိမိနိုင်ငံ ပျောက်ကွယ်မသွားရေး အပတ်တကုတ်ကြိုးပမ်းနေကြသူများအကြောင်း ဖတ်ရှုနေကြရသော်လည်း ထိုအချက်ကို ထိုအမြင်ဖြင့် သတိပြုမိမှ ပြုမိကြပေလိမ့်မည်။ သာဓကအားဖြင့် ပါလက်စတိုင်းလူမျိုးများသည် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့မြေပုံတွင် ဖြည့်သွင်းနိုင်ရန် နှစ်ပေါင်းများစွာ ကြိုးပမ်းနေရသော်လည်း ယနေ့တိုင် အောင်မြင်မှုမရနိုင်သေးသည်ကို တွေ့ရ၏။

အစ္စရေးနိုင်ငံသည်ကား ကမ္ဘာ့မြေပုံပေါ်တွင် လည်းကောင်း၊ ကုလသမဂ္ဂတွင် လည်းကောင်း မှတ်တမ်းဝင်ပြီးသော နိုင်ငံဖြစ်၏။ အစ္စရေးလူမျိုးတို့သည် မိမိတို့အား ဝန်းရံနေသော ရန်သူများ၏ အန္တရာယ်ကို အခါမလပ်သတိချပ်ရင်း နိုင်ငံမပျောက်ပျက်ရေးအတွက် အမျိုးသားရေးအမြင်၊ အသွင်ဖြင့် အစဉ်ကြိုးပမ်းလျက်ရှိကြ၏။

တင်ပြခဲ့သောနိုင်ငံများ၊ လူမျိုးများ၏ သမိုင်းကြောင်း မည်သို့ရှိသည်၊ မည်သို့ဖြစ်ချင်သည် စသည့် ကိစ္စတို့သည် မိမိတို့အလုပ်၊ မိမိတို့တွင် တာဝန်မရှိ၍ ဝေဖန်သုံးသပ်တင်ပြရန် အကြောင်းမရှိပါ။

မိမိသည် မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်သည့်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ ကိုးကွယ်ရာဘာသာ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားသူဖြစ်၍ နိုင်ငံကို စွန့်ခွာသူများ၊ မြန်မာနိုင်ငံကို စွန့်ခွာထွက်သွားသူများနှင့်စပ်လျဉ်း၍ မိမိအမြင်ကို တင်ပြလိုခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံကိုဗဟိုပြု၍ စဉ်းစားရန်လိုအပ်ပါသည်။ အစိုးရကို ဗဟိုပြုစဉ်းစားရန်မဟုတ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရယူနိုင်ခဲ့သောနေ့ရက်၊ ဗြိတိသျှအလံကို အလံတိုင်ထိပ်မှ ရုပ်သိမ်းပြီး မြန်မာနိုင်ငံတော်အလံ လွှင့်ထူနိုင်ခဲ့သောနေ့ဖြစ်၍ ထိုနေ့သည် မြန်မာနိုင်ငံဟု တရားဝင် အသိအမှတ်ပြုရာနေ့ဖြစ်၏။ အင်အားကြီးနိုင်ငံ၏အလံကို အလံတိုင်မှဖြုတ်ချ၍ မြန်မာတို့၏အလံကို တရားဝင်လွှင့်တင်သောနေ့လည်း ဖြစ်၏။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် မြန်မာလူထုတစ်ရပ်လုံး အပြင်းအထန် လိုလားတောင့်တခဲ့ကြသော အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးကို လွှတ်တော်၌ ကြေညာနိုင်ခဲ့ပေသည်။ နိုင်ငံတော်၏ အထွတ်အထိပ် ယာယီသမ္မတအဖြစ် တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်အား ဘိသိက်သွန်းလောင်း တင်မြှောက်ခဲ့ကြပေ၏။

“ဤ ငါတို့ကြေညာစာတမ်းကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် သိစေသတည်း” ဟူသော လွတ်လပ်ရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်တွင် လွှတ်တော်အစည်းအဝေးခန်းမ၌ ဝန်ကြီးချုပ်သခင်နုက လျှမ်းလျှမ်းတောက် ကြေညာခဲ့ပြီးနောက် ဗန္ဓုလပန်းခြံထဲ၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်ကို အုတ်မြစ်ချခဲ့ပေ၏။

ထိုသို့သော အချိန်အခါ၊ ထိုသို့သော အောင်ပွဲ မည်သို့ရရှိခဲ့သနည်းဆိုသောကိစ္စသည် မြန်မာနိုင်ငံသားတိုင်း မေ့ကောင်းသောအရာမဟုတ်ပါ။ ကျောင်းသင်ခန်းစာ၌ပင် ထည့်သွင်းပြဋ္ဌာန်းသင်ကြားပေးခဲ့သောကြောင့် ကျောင်းသားဘဝကပင် သိခွင့်ရခဲ့ကြပြီး ဖြစ်ပေသည်။

၁၈၈၅ ခုနှစ် သီပေါအရှင်နှင့် မိဖုရားတို့ကို နှားဆွဲသောလှည်းဖြင့် ဗြိတိသျှတို့က ရတနာပုံရွှေနန်းတော်ကြီးမှ ဂေါဝိန်ဆိပ်ရှိ ၎င်းတို့၏ သင်္ဘောပေါ်သို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ်က မြန်မာတိုင်း မချိတင်ကဲ ယူကျုံးမရ ဝမ်းနည်းကြေကွဲ ခံစားခဲ့ကြရ၏။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် ပထမအကြိမ် မြန်မာနိုင်ငံအောက်ပိုင်းအား စတင်သိမ်းပိုက်ခဲ့သော ၁၈၂၅ ခုနှစ်မှ ရေတွက်ပါက နှစ်ပေါင်း (၁၂၃) နှစ် ပြည့်မြောက်သောနှစ် ဖြစ်ပြီး မြန်မာတို့ ကျွန်ဘဝတွင် စိတ်နှလုံးညှိုးချုံးစွာ နေထိုင်စားသောက်ခဲ့ကြရသော နှစ်များဖြစ်သည်ဟု ဆိုရပေမည်။

နှစ်ပေါင်း (၁၂၃) နှစ်ကြာ ကျွန်ဘဝမှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့ကြရသည်ဆိုရာ၌ ရဲဘော်သုံးကျိပ် စစ်ပညာသင်ဘဝ၊ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးအစရှိသော ကြိုးပမ်းမှုများတွင် မြန်မာလူမျိုး ရဟန်း၊ ရှင်လူ ကျား/မ မရွေး အသက်ခန္ဓာနှင့် အိုးအိမ်စည်းစိမ်ပေါင်း မရေတွက်နိုင်လောက်အောင် အဆုံးရှုံးခံခဲ့ပြီးမှ ရရှိလာသော လွတ်လပ်ရေး၊ တစ်နည်းအားဖြင့် နိုင်ငံတော်ဖြစ်၏။

လွတ်လပ်ရေးရပြီးသည့်နောက် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ သွားရောက်အခြေချနေထိုင်သူများ ဒုနှင့်ဒေး ပေါ်ပေါက်လာခဲ့သည်။ ထိုသူများသည် နိုင်ငံကို စွန့်ခွာသူများဖြစ်၏။ မိမိနိုင်ငံတော်အတွက် ပညာတော်သင်သွားရောက်ကြသူများ၊ မိမိလုပ်အားဖြင့် မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးလျက်ရှိသူများသည် နိုင်ငံ၏တာဝန်ကို ထမ်းရွက်ကြသူများအဖြစ် ဂုဏ်ပြုကြရမည်ဖြစ်သော်လည်း နိုင်ငံတော်၏လစာကို တစ်ဖက်မှခံစားရင်း မိမိတာဝန်ကျရာနိုင်ငံမှ တိတ်တိတ်ပုန်းခွဲ့သော ဒေါ်လာများကို မြိန်ရေရှက်ရေ လက်ခံရယူပြီး နိုင်ငံရေးခိုလှုံခြင်း ခေါင်းစဉ်ဖြင့် နိုင်ငံသားခံယူကြသူများမှာမူ ကိုယ်ကျိုးစီးပွားအတွက်သက်သက်ဖြင့် နိုင်ငံကို စွန့်ခွာကြသူများဖြစ်ကြ၍ တိုင်းတစ်ပါးသားလက်အောက်မှ နိုင်ငံကို ဆွဲထုတ်ကယ်တင်ရင်း အသက်ပေးသွားကြကုန်သော မိဘ၊ ဘိုးဘွားများ၏ ဂုဏ်ကိုမထောက်၊ ခေတ်အဆက်ဆက် တပ်မတော်သား စစ်သည်ရဲဘော်များ၏ မျက်နှာကိုမထောက်၊ နောင်လာနောက်သားမျိုးဆက်များအား လမ်းမှားသို့ တွန်းပို့သူများအဖြစ် ပြစ်တင်ရှုတ်ချရချေတော့မည်။

ထိုသူတို့၏ အကြောင်းပြချက်များကား အမျိုးမျိုး၊ အသီးသီး ရှိကြပေရာ ပညာတတ်များကလည်း နိုင်ငံခြားမှ လုပ်ခလစာနှင့် နှိုင်းယှဉ်၍ လည်းကောင်း၊ ပညာမဲ့သူများကလည်း ပြည်တွင်း၌ အလုပ်မရှိဟူ၍ လည်းကောင်း၊ နိုင်ငံအစိုးရကို ပြစ်တင်ဝေဖန်၍ လည်းကောင်း အကြောင်းပြချက်များဖြင့် လက်ညှိုးထိုးကြပေ၏။

အတွေးအမြင်မှန်၊ မျိုးရိုးဂုဏ်သိက္ခာစောင့်စည်းသော ပညာတတ်များ ကား ငါတတ်ထားသောပညာနှင့် ငါ့နိုင်ငံအတွက် အလုပ်လုပ်ရမည်ဟူသော ခံယူချက်ဖြင့် နိုင်ငံကို စောင့်ထိန်းမြဲ စောင့်ထိန်းလျက်ရှိကြ၏။ ထိုသူများထဲ တွင် ဆရာ ဒေါက်တာမျိုးသန့်တင်ကို သတိပြုမိသည်။ အမေရိကန်နိုင်ငံတွင် ပညာသင်နေစဉ်က ဆရာရေးသားသော ဆောင်းပါးများကို ဖတ်ရှုခဲ့ရဖူးသည်။ ယခုလည်း မြန်မာ့ရုပ်မြင်သံကြား ဆွေးနွေးခန်းများတွင်လည်း ကြည့်ရသဖြင့် နိုင်ငံကိုစွန့်ခွာသူများတွင် ဆရာ မပါဟု လေးစားမိသည်။

ဝင်ငွေလစာ နိမ့်ကျ၊ မြင့်မားမှု ကွာဟချက်ကြောင့် မိမိနိုင်ငံကိုစွန့်ခွာသင့်ပါသလား။ မြန်မာအဘိုး၊ အဘွားတို့ အသက်ပင် ပေးလှူခဲ့ကြသည့် ဖြစ်ရပ်နှင့် နှိုင်းယှဉ်စဉ်းစားသင့်သည်ဟု ဆိုချင်သည်။ အစိုးရကို မကြိုက်ဟူသော အကြောင်းနှင့်ရော မိမိနိုင်ငံကို စွန့်ခွာသင့်ပါ၏လော။ အစိုးရတွင် အမှားအယွင်းရှိသည်ဟု စွပ်စွဲပြစ်တင်သူသည် အစိုးရထံ အကြံပေးစာ တစ်စောင် ရေးသားပေးပို့ဖူးပါသလော။ ရိုးသားစွာ ဝေဖန်ထောက်ပြဖူးပါသလော။ စိတ်ရင်းအမှန်၊ စေတနာအမှန်နှင့် မိမိဆည်းပူးလေ့လာထားသော ကျွမ်းကျင်မှုဖြင့် အကြံကောင်းဉာဏ်ကောင်းပေးပို့ခြင်းဖြင့် နိုင်ငံသားတို့၏ တာဝန်ကို ထမ်းရွက်သင့်ကြပေသည်။ နိုင်ငံအတွက် မည်သည့်တာဝန်ကိုမျှ မယူလိုသော၊ မယူသော နိုင်ငံသားသည် နိုင်ငံအတွက် ဆန်ကုန်မြေလေးစေသောသူသာ ဖြစ်လတ္တံ့တည်း။

တစ်ဖန် နိုင်ငံကိုစွန့်ခွာလျက် နိုင်ငံခြားကို အပြီးအပိုင်ထွက်ခွာလိုသော အထက်ပါပုဂ္ဂိုလ်မျိုးကို လက်သင့်ခံသော နိုင်ငံနှင့် နိုင်ငံသားများက မည်သို့ သဘောထား၍ မည်သည့်အဆင့်သတ်မှတ်မည်နည်း။ စဉ်းစားဖူးကြပါ၏လောဟု မေးချင်သည်။ ထိုနိုင်ငံက ခိုင်းသောအလုပ်လုပ်၍ ထိုနိုင်ငံက ပေးသော ဒေါ်လာဆိုသည်များကရော လူသားတို့၏ တစ်သက်တာအတွက် ကိုယ်စိတ်ချမ်းသာမှုကို အလုံးစုံပြည့်ဝစေနိုင်ပါ၏လော။ မြတ်ဗုဒ္ဓ၏ အဆုံးအမတွင် မွေ့လျော်သော မြန်မာလူမျိုးတို့အတွက် ဗုဒ္ဓ၏ အဆုံးအမများသည်သာ ကိုယ်စိတ်ချမ်းသာမှုကို ဖြည့်ဆည်းပေးစွမ်းနိုင်သဖြင့် ဒေါ်လာငွေအတွက် နိုင်ငံကိုစွန့်ခွာသင့်ကြပါ၏လောဟု စဉ်းစားကြစေချင်ပါသည်။

နိုင်ငံကိုစွန့်ခွာလျက် နိုင်ငံခြားသားခံယူကြသူတို့၏ အနာဂတ်ဘဝ မည်သို့ရှိမည်နည်း။ သာဓက အများအပြားရှိပါ၏။ ကုန်းဘောင်ခေတ်မှ မင်းကမွေးသော မင်းသားကြီးများဖြစ်ကြသည့် ညောင်ရမ်းမင်းသားကြီး၊ မြင်ကွန်းမင်းသားကြီးတို့သည် တိုင်းတစ်ပါး၌ ကံတော်ကုန်ကြ၏။ မြန်မာ့သမိုင်းစာမျက်နှာများတွင် ကမ္ပည်းကောင်းမတင်နိုင်ခဲ့ကြပေ။ ၎င်းတို့၏ မျိုးဆက်များ ဘယ်ဆီရောက်နေသည်ကိုပင် သိခွင့်မရကြပါ။

သို့ဖြစ်ရာ နိုင်ငံကိုစွန့်ခွာလိုသူတိုင်းသည် မိမိတို့စဉ်းစားအပ်သော အချက်အလက်အခြေအနေများကို ပြည့်စုံကျနစွာ စဉ်းစားသင့်ကြပေသည်။ တစ်ချက်ဖြည့်သွင်းရေးသားလိုသောအချက်မှာ ကနေ့ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံဖြစ်သည်။ နိုင်ငံရေးစနစ်လည်းပြောင်း၊ အုပ်ချုပ်ရေးစနစ်လည်းပြောင်း၍ အဘက်ဘက်မှ ပြောင်းလဲခဲ့ရာတွင် နိုင်ငံသားတို့သည် ဘိုးဘွားတို့ တာဝန်ကျေခဲ့ကြသကဲ့သို့ နိုင်ငံသားတာဝန်ကို အသိတရားနှင့် ထမ်းရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံသားများ သာယာဝပြောကြပေတော့မည်တည်းဟု ကျူးရင့်လိုခြင်းဖြစ်ပေသည်။ ။

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ညောင်သုံးပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်၊ မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ကြေးမုံ)

တောင်သူဦးရေစာရင်းနှင့် စပါးစိုက်ပျိုးသည့် စာရင်းကောက်ယူမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးအောင်သန်းလွင်သည် ခရမ်းမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးစောတာမလာဖောနှင့်အတူ ဩဂုတ် ၁ ရက်က ခရမ်းမြို့နယ် တမံကြီးကျေးရွာအုပ်စု အပျိုကြီးတဲစုကျေးရွာ၌ ၂၀၁၁-၂၀၁၂ ခုနှစ် ကျေးရွာအုပ်စုအလိုက် တည်ရှိသည့် လုပ်ခွင့်ရဧကအလိုက် တောင်သူဦးရေစာရင်းနှင့် စပါးစိုက်ပျိုးသည့်စာရင်း ကောက်ယူနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့နယ်မြေအသီးသီးရှိ ကျောင်းများတွင် သက်ဆိုင်ရာနယ်မြေမှူးများက ဇူလိုင် ၂၈ ရက်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခြင်းများ ဆောင်ရွက်ခဲ့ရာ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယ ရဲမှူးမြင့်ကြည်နှင့်အဖွဲ့သည် အလက (၈) မင်္ဂလာဒုံရှိ ကျောင်းသား၊ ကျောင်းသူ ၃၀၀ တို့အား လည်းကောင်း၊ ဒု-ရဲအုပ်အောင်လှိုင်စိုးနှင့် အဖွဲ့သည် အထက(၃) အင်းစိန်ရှိ ကျောင်းသား၊ ကျောင်းသူ ၆၀၀ တို့အား လည်းကောင်း၊ အမှတ်(၅) ယာဉ်ထိန်းနယ်မြေမှ ဒု-ရဲအုပ်အောင်မျိုးလွင်နှင့် အဖွဲ့သည် အထက(၂) ပုဇွန်တောင်ရှိ ကျောင်းသား၊ ကျောင်းသူ ၁၁၄ ဦး တို့အား လည်းကောင်း၊ ဒု-ရဲအုပ်ဇော်မျိုးကျော်နှင့် အဖွဲ့သည် အထက(၁) လမ်းမတော်ရှိ ကျောင်းသား၊ ကျောင်းသူ ၂၀၈ ဦး တို့အား လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခဲ့သည်။

(ကြေးမုံ)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဒ္ဓိလမ်းနေ ဒေါ်စန်းဝင်းမိသားစုက ကွယ်လွန်သူ ဦးသာဒင်နှင့် ဒေါ်ခင်ကြည်တို့အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံစဉ်။

(ကြေးမုံ)

ရေစကြိုမြို့နယ်၌ လမ်း၊ တံတားများ စစ်ဆေး

ရေစကြို ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးသည် ဩဂုတ် ၁ ရက်တွင် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအမီ လုပ်ငန်းများ ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

(၃၇၄)

ရန်ကုန်မြို့ သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက် ရွှေပြည်သာလမ်းနေ ဗိုလ်မှူးဖြူဝင်း(ငြိမ်း)-ဒေါ်အေးအေးစိုး၊ သမီးကြီး မခင်နှင်းယု၊ သားလတ် ဗိုလ်သော်ဇဉ်ထွန်း[တပ်မတော်(ရေ)]၊ သမီးငယ် မချယ်ရီဝင်း မိသားစုက အထွေထွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တာပိန်မှ မိုးမောက်သို့ ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ် ယာဉ်ပေါ်ပါ (၈)ဦးအနက် (၇)ဦးသေဆုံးပြီး (၁)ဦး ထိခိုက်ဒဏ်ရာရ

KIA တို့ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့်မဟုတ်ဘဲ လက်နက်ငယ်များဖြင့် စောင့်ကြို၀ိုင်းဝန်းပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းသာဖြစ်

နေပြည်တော် သြဂုတ် ၄

တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မိုးမောက်သို့ ပြန်လည်ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား တာပိန်-မိုးမောက်လမ်း မိုင်တိုင်အမှတ်(၁၉)နှင့် (၂၁) အကြားတွင် KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည့်အတွက် ခုနစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၂ ရက် ညနေပိုင်းက တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံ၏ Communication Room ရှိ အအေးပေးစနစ်များ လာရောက်ပြုပြင်ပြီး မိုးမောက်သို့ပြန်မည့် စက်ပြင် သုံးဦး၊ တရုတ်စကားပြန် တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ ယာဉ်မောင်း နှစ်ဦး စုစုပေါင်း ရှစ်ဦးတို့သည် မော်တော်ယာဉ်ဖြင့် တာပိန်မှ ထွက်ခွာလာခဲ့ရာ ဂွဲကထောင်ရွာမရောက်မီ မိုင်တိုင်အမှတ်(၁၉)နှင့် (၂၁)အကြားတွင် KIAအဖွဲ့မှ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ကားပေါ်ပါ ဒု-ရဲအုပ်အောင်ကြည်ထွန်း၊ ယာဉ်မောင်း ဦးနန်ရှောင်(ဘ)ဦးလဆန်တူးလွန်နှင့် ဦးသန်းဌေးအောင်(ဘ)ဦးအေးဖေ၊ လေအေးပေးစက်ပြုပြင်သူ ဦးနေမျိုးသိန်း(ဘ) ဦးသိန်းဌေးနှင့် ဦးဇော်ထွေး (ဘ)ဦးအုန်းဆွေ၊ စကားပြန် မောင်ခန့်မင်းထက်(ဘ) ဦးအိုက်လှိုင် ပေါင်း ခြောက်ဦးသည် သေနတ်ဒဏ်ရာများဖြင့် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း၊ ကျန် နှစ်ဦးဖြစ်သည့် လေအေးပေးစက်ပြုပြင်သူ မောင်သော်လင်းထွန်း (ဘ) ဦးမာနော်မှာ ဝမ်းဗိုက်သေနတ်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ)နှင့် ရဲတပ်သား မျိုးသန့်နိုင်ဆန်း(ဘ) ဦးအောင်ဆန်းမှာ ဘယ်လက်မောင်းနှင့် ညာခြေထောက်သေနတ်ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သူ နှစ်ဦးသည် ရှေ့တန်းတပ်မတော် စခန်းသို့ လာရောက်သတင်းပို့ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းမှ အခင်းဖြစ်နေရာသို့ သွားရောက်ရှင်းလင်းခဲ့ရာ ကားအတွင်း လက်နက်ငယ်ကျည်ထိမှန်၍ သေဆုံးနေသူ ငါးဦးနှင့် ကားနံဘေးတွင် သေဆုံးနေသူ တစ်ဦးတို့ကို တွေ့ရှိခဲ့ရကြောင်း၊ မိမိတပ်မတော် စစ်ကြောင်းသို့ လာရောက်သတင်းပို့သည့် နှစ်ဦးအနက် မောင်သော်လင်းထွန်းမှာ ရရှိသောဒဏ်ရာကြောင့် နောက်တစ်နေ့ နံနက်ပိုင်းတွင် ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ဤဖြစ်စဉ်နှင့် ပတ်သက်၍ KIA အဖွဲ့က ၎င်းတို့ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ကားနှင့် လူများ ပျက်စီးသေဆုံးရခြင်းဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မရရှိသေးချိန်တွင် ၎င်းတို့တားမြစ်ထားသည့် နယ်မြေအတွင်း ယခုကဲ့သို့ အသွားအလာပြုလုပ်ခဲ့သည့်အတွက် မိုင်းနင်းမိပြီး ပေါက်ကွဲရခြင်းဖြစ်ကြောင်း ပြည်ပဘီဘီစီ အသံလွှင့်ဌာနမှ တစ်ဆင့် လိမ်ညာထုတ်လွှင့်ခဲ့သည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ KIA အဖွဲ့ ထောင်ထားသည့် မိုင်းပေါက်ကွဲခြင်းကြောင့် မဟုတ်ဘဲ KIAအဖွဲ့ကရည်ရွယ်ချက်ရှိရှိဖြင့်တာပိန်မှ ၎င်းကားအပြန်တွင် လက်နက်ငယ်များဖြင့် စောင့်ကြို၀ိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ကားပေါ်ပါသူ ရှစ်ဦးအနက် ခုနစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးဒဏ်ရာရသူများ အားလုံးတွင် လက်နက်ငယ်ဒဏ်ရာများ တွေ့ရှိရသည့်အပြင် မော်တော်ယာဉ်၌လည်းသေနတ်ကျည်ဆန်ထိမှန်မှုများတွေ့ရှိရသည်။ (သတင်းစဉ်)

KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် လက်နက်ငယ်ကျည်များ ထိမှန်ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

KIA အဖွဲ့၏ လက် နက် ငယ် များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသွားသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည့် မော်တော်ယာဉ်နှင့် သေဆုံးသွားသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အထက ရွှေညောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် သြဂုတ် ၄

ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့ အထက်တန်းကျောင်း၌ ၁၉၅၅ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅)နှစ်နှင့် အထက်ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲကို အောက်တိုဘာ ၁၂ ရက်(သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာများ ပေးပို့နိုင်ရန်အတွက် ဆရာကြီး၊ ဆရာမကြီးများက ဆက်သွယ်ပေးကြပါရန်၊ ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကျင်းပရေးကော်မတီရုံးခန်း(ရွှေညောင်လူငယ်စာကြည့်တိုက်) ဖုန်း-၀၈၁-၄၅၃၈၆နှင့် ဆရာမ ဒေါ်လဲ့လဲ့မူ ဖုန်း-၀၉-၄၉၃၆၄၀၁၉၊ ကိုသန်းဌေးဝင်း ဖုန်း-၀၉-၄၉၃၁၃၅၅၅၊ ကိုအောင်ကျော်စွာ ဖုန်း-၀၉-၂၀၀၃၉၉၃ နှင့် ကိုအောင်သန်းဦး ဖုန်း-၀၈၁-၄၅၂၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

စာတည်းထံသို့ ပေးစာများ

လမ်းမြေပေါ်ဆောက်လုပ်နေထိုင် ပတ်ဝန်းကျင်ညစ်ညမ်း

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်မြို့နယ် (၂) ရပ်ကွက် (၈)လမ်းနှင့် (၆)လမ်း လမ်းသွယ်ထောင့်၌ လမ်းမြေပေါ်၌ကျူးကျော်၍ ကွမ်းယာဆိုင်ဖွင့်ထားသည့်အပြင် နေအိမ်များ အခိုင်အမာဆောက်လုပ်နေထိုင်မှုကြောင့် အများပြည်သူသွားလာမှုကို အနှောင့်အယှက် ဖြစ်စေပြီး မိလ္လာများမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးကို ထိခိုက်စေပြီး ရေမြောင်းများပိတ်ဆို့ခြင်းတို့ကြောင့် အနှောင့်အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

စည်းကမ်းမဲ့အမှိုက်ပုံ ဆောင်ရွက်ပြီးစီး

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေး၍ စည်းကမ်းမဲ့အမှိုက်ပုံကို နေ့ချင်းပြီး ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

ငုံးများမွေးမြူထား၍ အနံ့အသက်ဆိုး

စာတည်းခင်ဗျား-

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြောက်ပိုင်းရပ်ကွက် သုခမြိုင်လမ်းနှင့် အောင်သုခလမ်းဆုံထောင့်တွင် စီးပွားဖြစ် ငုံးခြံများ ဆောက်လုပ် မွေးမြူထားခြင်းကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ မကောင်းသော အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ကွန်ပျူတာအသုံးပြုစာရင်းထားနည်းစနစ် သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၄

ကွန်ပျူတာအသုံးပြု စာရင်းထားနည်းစနစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ကွန်ပျူတာအသုံးပြု စာရင်းထားနည်းစနစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရိုးကြီးချောင်းတံတားဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ရိုးကြီးချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၇ နာရီခွဲတွင် မင်းဘူး(စကု)မြို့နယ် တောင်မန်းကျေးရွာအနီးရှိ အဆိုပါတံတားထိပ်မုခ်ဦး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တံတားမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ရိုးကြီးချောင်းတံတားသည် အရှည် ၇၅ ပေ၊ အကျယ် ၁၂ပေရှိပြီး သံကူကွန်ကရစ် အုတ်မြစ်တိုင်၊ ဘေလီသံပေါင် သစ်သားကြမ်းခင်းတံတားဖြစ်ကာ တောင်မန်းကျေးရွာမှ မင်းဘူး (စကု)မြို့နှင့် ပုသိမ်- မုံရွာ လမ်းမကြီးတို့သို့ ဆက်သွယ်ထားသော တံတားဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်မန်းကျေးရွာ၌ ကျင်းပသည့် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသိန်းဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဝင် ဦးသိန်းဝင်းက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူး ဦးရဲထွတ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများကိုပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးလှဒေါင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အန့်ဇော်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ် /ကောလိပ် ပေါင်းစုံ မကွေးဇုန် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မကွေးတက္ကသိုလ် အမျိုးသားအသင်းနှင့် ပခုက္ကူတက္ကသိုလ် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	၂။	FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဘရာဇီးအသင်းနှင့် ပနားမားအသင်း)
	၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	Myanmar National League MNL Grand Royal Cup 2011ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (မကွေးအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း)
၅း၀၀	၂။	နှောင်းခေတ်တေးပဒေသာ
၅း၁၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၂၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀	၅။	ရိုးသားဖြူစင် ကလေးတို့အသွင်
၆း၀၀	၆။	ညနေခင်းသတင်း
၆း၁၅	၇။	မိုးလေဝသအခြေအနေ
၆း၂၀	၈။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန် အမွေဆိုင်" (အပိုင်း-၁၆)**
၈း၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	လျှပ်တစ်ပြက်ဟာသများ
	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၂၀)**
	၁၅။	သီချင်းချစ်သူ
	၁၆။	အစီအစဉ်ပြီး၏။

နိုင်ငံတကာ ဂီတရပ်ဝန်း

ဂျပန်ပရိသတ်များကို ဆွဲဆောင်နိုင်ခဲ့သည့် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ U-Kiss

ကိုရီးယားလူငယ်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသော ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ U-Kiss **(အောက်ပုံ)** သည် လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ဂျပန်နိုင်ငံတွင် ပရိသတ်များနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ရာ ဂျပန်ပရိသတ်များကို ဆွဲဆောင်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

Oricon ဂျပန်ဝက်ဘ်ဆိုက်၏ ဖော်ပြချက်တွင် U-Kiss ပေါ့ပ်တေးဂီတအဖွဲ့သည် ဂျပန်ပရိသတ်များနှင့် တွေ့ဆုံပွဲများကို ဇူလိုင် ၁၈ ရက်တွင် တိုကျိုမြို့၊ ဇူလိုင် ၂၄ ရက်တွင် နာဂိုရာမြို့နှင့် ၎င်းနောက် ခြောက်ရက်အကြာတွင် အိုဆာကာမြို့တို့၌ ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။

U-Kiss တေးဂီတအဖွဲ့သည် ၎င်းတို့အဖွဲ့၏ Bran New Kiss အမည်ရှိ တေးအယ်လ်ဘမ်ကို ဩဂုတ် ၂၄ ရက်တွင် ဖြန့်ချိမည်ဖြစ်ပြီး ယင်းအယ်လ်ဘမ်ကို ဂျပန်လူမျိုးများနှင့် ကိုက်ညီမည့် ဂျပန်ပုံစံဖြင့် ပြန်လည်သီဆိုမည့် တေးအယ်လ်ဘမ်အဖြစ် ဒီဇင်ဘာလတွင် ထုတ်လုပ်ဖြန့်ချိသွားရန် စီစဉ်ထားသည်။

U-Kiss ဆိုသည်မှာ Ubiquitous Korean International Super Star "နေရာအနှံ့အပြား၌ ရှိနေသော နိုင်ငံတကာ ကိုရီးယားနာမည်ကျော် အနုပညာကြယ်ပွင့်များ"ဟု အဓိပ္ပာယ်ရရှိပြီး ယင်းအဖွဲ့သည် ၂၀၀၈ ခုနှစ် စက်တင်ဘာတွင် New Generation တေးအယ်လ်ဘမ်ဖြင့် ဂီတလောကသို့ ဝင်ရောက်လာကြသူများ ဖြစ်သည်။ ၎င်းအဖွဲ့၏ Shut Up တေးသီချင်း၊ Manmanhani တေးသီချင်းနှင့် Round and Round တေးသီချင်းများမှာ နာမည်ကျော် လူကြိုက်များခဲ့သည်။

အင်တာနက်။

ဝက်စ်လိုက်ဖ်တေးဂီတအဖွဲ့ ကိုရီးယားတွင် ဖျော်ဖြေမည်

နာမည်ကျော် ဝက်စ်လိုက်ဖ် တေးဂီတအဖွဲ့က အောက်တိုဘာတွင် တောင်ကိုရီးယားနိုင်ငံ၌ ဂီတဖျော်ဖြေပွဲတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖျော်ဖြေပွဲကျင်းပရေး တာဝန်ခံ Digi-Ent ဖျော်ဖြေရေးကုမ္ပဏီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုပါကုမ္ပဏီ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားရာ၌ ဝက်စ်လိုက်ဖ်တေးဂီတအဖွဲ့၏ ကိုရီးယားနိုင်ငံတွင်ဖျော်ဖြေမည့် ဂီတဖျော်ဖြေပွဲကို GRAVITY World TOUR in Seoul 2011 ဟု အမည်ပေးထားပြီး ယင်းဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၉ ရက်တွင် ဖျော်ဖြေသွားမည်ဖြစ်သည်။

ဝက်စ်လိုက်ဖ် တေးဂီတအဖွဲ့သည် ယင်းဂီတဖျော်ဖြေပွဲနှင့်အတူ ၎င်းတို့အဖွဲ့၏ နောက်ဆုံးထွက်ရှိခဲ့သော တေးအယ်လ်ဘမ် Gravityအရောင်းမြှင့်တင်ရေးအတွက် အခြားအာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့လည်း ဆက်လက်သွားရောက် ဖျော်ဖြေမည်ဖြစ်သည်။

ဝက်စ်လိုက်ဖ် တေးဂီတအဖွဲ့ **(အပေါ်ပုံ)** ကို နစ်ကီဘရန်နီ၊ ကီရန်အီဂန်၊ မက်ခ်ဖီဟီလီ၊ ရှိန်ဖီလန်နှင့် ဘရိုင်ရန်မက်ဖက်ဒန်တို့ လူငယ်ငါးဦးဖြင့် ၁၉၉၈ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘရိုင်ရန်မက်ဖက်ဒန်မှာ ၂၀၀၄ ခုနှစ်တွင် ခွဲထွက်သွားခဲ့သည်။

ဝက်စ်လိုက်ဖ် တေးဂီတအဖွဲ့၏ Swear It Away တေးသီချင်း၊ Flying Without Wings တေးသီချင်း၊ Fool Again တေးသီချင်း၊ Uptown Girl တေးသီချင်း၊ Against All Odds တေးသီချင်းနှင့် Seasons in the Sun တေးသီချင်းများမှာ ကမ္ဘာတစ်ဝန်း နာမည်ကျော် လူကြိုက်များခဲ့သည့် တေးသီချင်းများ ဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဆုချီးမြှင့်

ဘီးလင်း ဩဂုတ် ၄

ဘီးလင်းမြို့နယ် အလူးကျေးရွာအုပ်စု အလူးလေးကျေးရွာ သုခကာရီကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလူးအရှေ့ရွာလေးကျေးရွာမှ အစိုးရဓမ္မာစရိယတန်း၌ သီလက္ခန်ကျမ်းနှင့် ပါရာဇိကဏ်ကျမ်း အောင်မြင်သော ဆရာလေးမဂ္ဂေသီနှင့် အလူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ နှစ်ဦးတို့အား ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးက ပညာရေးငွေပဒေသာပင် ငွေကျပ် ၅၀၀၀၀ အား ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျောင်းတိုက် ဆရာတော် ဖုန်း-၀၁-၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း-၆၅၅၁၅၈၊ ဦးကြည် ဖုန်း-၇၃၀၁၁၈၉၄၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁ နှင့် ဦးထွန်းညွန့် ဖုန်း-၅၁၇၁၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၇၂ မှု၊ တရားခံ ၂၈၀ အရေးယူခဲ့

နေပြည်တော် ဩဂုတ် ၄

၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၇၂ မှု ဖမ်းဆီးမိခဲ့ပြီး ဘိန်း ၂၉မှု (အလေးချိန် ၄၈ ဒသမ ၄၉၄၉ ကီလို)၊ ဘိန်းဖြူ ၄၇ မှု (အလေးချိန် ၀ ဒသမ ၄၄၉၉ ကီလို)၊ ဘိန်းဆီ သုံးမှု (အလေးချိန် ၀ ဒသမ ၂၄၃၄ ကီလို)၊ အဆင့်နိမ့်ဘိန်း ရှစ်မှု (အလေးချိန် ၁ ဒသမ ၉၇၉၈ကီလို)၊ ဆေးခြောက် ရှစ်မှု (အလေးချိန် ၂၂ ဒသမ ၉၀၁၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၁ မှု (၆၁၀၆၆၃ ပြား)၊ ဘိန်းစာမှုန့် သုံးမှု (အလေးချိန် ၉၀ ဒသမ ၁၉၀၉ ကီလို)၊ အက်ဖီဒရင်း (အလေးချိန် ၀ ဒသမ ၀၁၅ ကီလို) ၊ အိုက်(စ်) (အလေးချိန် ၀ ဒသမ ၀၀၄၃ ကီလို)၊ စိတ်ကြွဆေးအကြေမှုန့် (အလေးချိန် ၀ ဒသမ ၀၃ ကီလို)၊ ဆူဒိုအက်ဖီဒရင်း သုံးမှု (၂၁၄၉၃၀၀ ပြား) ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၁၇၂ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၃၆ ဦး၊ မ ၄၄ ဦး စုစုပေါင်း တရားခံ ၂၈၀ တို့အား ဥပဒေအရ အရေးယူခဲ့သည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် (၂၃၀/၃၃/၁၁)ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးတို့ဖြင့် ၂၃၀ ကေဗွီ မန်စံ - ရွှေစာရံ မဟာဓာတ်အားလိုင်းမှ ဓာတ်အားလက်ခံရယူပြီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း နှစ်လိုင်းဖြင့် တံခွန်တိုင်ဓာတ်အားခွဲရုံနှင့် ပြင်ဦးလွင်ဓာတ်အားခွဲရုံတို့သို့ ဓာတ်အားပို့လွှတ်နေမှု၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း လေးလိုင်းဖြင့် ရွှေလှံ့ဘို မြစ်ရေတင်စီမံကိန်း၊ ပုသိမ်ကြီး မြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်များသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနေမှုနှင့် Shunt Reactor တစ်စုံ တပ်ဆင်ရန် ပစ္စည်းရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကျောက်ဆည် အထက(၂) ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၄

ကျောက်ဆည်မြို့ အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ အထက(၂) ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ကန်တော့ခံမည့် ဆရာကြီး၊ ဆရာမကြီးများ ၆၂ ဦး တက်ရောက်ကြမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မိတ္ထီလာစက်မှုလယ်ယာသင်တန်းကျောင်း၌ စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုဘဝတိုးတက်ရေး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ တိုးတက်ကူးပြောင်း

နေပြည်တော် ဩဂုတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် မိတ္ထီလာစက်မှုလယ်ယာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမ၌ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ ထွန်စက်မောင်းသင်တန်းနှင့် လယ်ယာသုံးစက်ကိရိယာကြံ့ခိုင်ရေးသင်တန်းများ တက်ရောက်နေကြသော သင်တန်းအမှတ်စဉ်(၂/၂၀၁၁)နှင့် (၃/၂၀၁၁) တို့မှ သင်တန်းသား ၇၈ ဦး၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူမှုဘဝ တိုးတက်ရေးတို့အတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ တိုးတက်ကူးပြောင်းရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း အချိန်ကိုတန်ဖိုးရှိစွာဖြင့် အပတ်တကုတ်ကြိုးစား သင်ယူသွားကြရန်နှင့် သင်ကြားနေရသော စာတွေ့လက်တွေ့များကို မိမိတို့ကျေးရွာများ၏ လယ်ကွင်းများအတွင်း လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လက်တွေ့လေ့ကျင့်သင်ကြားနေကြသော သင်တန်းသားများအား ကြည့်ရှုအားပေးသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ဝမ်းတွင်းမြို့နယ်အနီး ရွှေတောင်စိုက်ပျိုးရေးသုတေသနခန်းမ၌ မြန်မာ့စက်မှုသီးနှံလုပ်ငန်းဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ရွှေတောင်စိုက်ပျိုးရေးသုတေသန ခြံဝင်းအတွင်း ဝါသီးနှံ၊ နေကြာသီးနှံနှင့် စပါးသီးနှံတို့အား သုတေသနပြုလုပ်၍ မျိုးစေ့ထုတ်လုပ်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြေယာကိုသုတေသနစွမ်းအားဖြင့် အကျိုးရှိစွာ အသုံးချပြီး နိုင်ငံတော်နှင့် တောင်သူလယ်သမားများအတွက် ဆန်စပါးနှင့် စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်သူများ၏ဝတ်ရေးအတွက် ဝါသီးနှံအား ပိုမိုဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆန်စပါးသုတေသနဌာနမှ စိုက်ပျိုးရေးပညာရှင် ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်ကြည်ဝင်းက အထူးအထွက်တိုး စပ်မျိုးစပါးမျိုးစေ့များကို ရွှေတောင်စိုက်ပျိုးရေးသုတေသနခြံအတွင်း သုတေသနပြုလုပ် စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခြေအနေများနှင့် ပညာရှင်များလိုအပ်ချက် မိဘလိုင်း၊ အဖိုလိုင်း၊ အမလိုင်း အပါအဝင် ဧက ၁၃၀ အတွက် အဘက်ဘက်က ကြိုတင်ဆောင်ရွက်ပြီး အသင့်ဖြစ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရှင်များအနေဖြင့် မိမိတို့ တတ်ကျွမ်းသင်ယူထားသည့် ပညာရပ်များကို အခြေအနေအချိန်အခါ၏ လိုအပ်ချက်နှင့် ကိုက်ညီစွာ လက်တွေ့ နိုင်ငံတော်အတွက် လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းလာအောင် မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ တိုးတက်နေသော သိပ္ပံနည်းပညာရပ်များနှင့် ကိုက်ညီအောင် အခြားသောနိုင်ငံများထက် နှစ်ဆ၊ သုံးဆ တက်ညီလက်ညီ ကြိုးစားအားထုတ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ရွှေတောင်စိုက်ပျိုးရေး သုတေသနခြံအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော တစ်လသားအရွယ် အထူးအထွက်တိုး စပ်မျိုးနေကြာစိုက်ခင်းများနှင့် အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်ရန် တစ်ဆက်တစ်စပ်တည်းဧကများ ဖော်ထုတ်ထားပြီးဖြစ်သော စုစုပေါင်းဧက ၁၃၀ လယ်ကွင်းများအတွင်း မြေယာဖော်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်မြို့) ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေက ငါးသိုင်းချောင်းမြို့နယ် သက်ကယ်ပြင်ကျေးရွာအုပ်စု ဖက်စလက်ရွာမှ ရေလွှမ်းမိုးခံရသော အိမ်ထောင်စုများအတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက လက်ခံသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့်ကလေးများအား ဗီတာမင်အေဆေးများ၊ သန်ချဆေးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား သံဓာတ်အားဆေးများ၊ ဗီတာမင်ဘီဝမ်း ဆေးပြားများကို ဖြန့်ဝေပေးကြကာ ခန်းမအတွင်း ပြသထားသော သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အိုင်အိုဒင်းဆားများအား အရည်အသွေး စစ်ဆေးပြသနေမှုများကို ကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့ဒီမိုကရေစီပါတီက မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထား

နေပြည်တော် ဩဂုတ် ၄

ပါတီတည်ထောင်ခွင့်ရရှိပြီးသော **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)**က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဩဂုတ် ၃ ရက်တွင် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၁၁ (သောကြာနေ့)

AM & PM

- ၆း၃၀ MRTV-4 သတင်း
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၆)**
- ၇း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Panama) (LIVE)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၈)**
- ၁၀း၂၀ MRTV-4 7th Anniversary Live Show (Day-1)(Part-4)
- ၁၁း၀၅ Movie Talk (ကြေလွင့်ကြယ်ပွင့်များ) (အပိုင်း-၃) (ဒါရိုက်တာကြည်စိုးထွန်း)
- ၁၁း၂၅ ကျန်းမာပျော်ရွှင်မိအိမ်ရှင်ကဏ္ဍ
- ၁၁း၅၀ တန်ဖိုးရှိသော ဝါးပင်လေးများ မှသည်. . .
- ၁၂း၀၅ နဒီ နက္ခတ်ဆိုင်ရာသိကောင်းစရာ ဆွေးနွေးခန်း
- ၁၂း၂၅ သာခုခေါ် သံမစဲ. . . မြိုင်မြို့ရဲ့ သာသနာပြုပွဲ
- ၁၂း၄၅ Sewing Mill "Shinsung" (ရွှေပေါက်ကံစက်မှုဇုန်)
- ၁း၀၀ "ဘဝအလှနှင့် ဓမ္မအလှ" တရားတော် (မဏိရတနာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
- ၁း၄၅ စွယ်တော်လေးဆူ ဆုပန်ယူ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၈)**
- ၄း၅၀ Activities In The City
- ၅း၀၅ မင်းဘူးမြေမှ ရွှေခြေလှမ်းတို့ မဂ်လမ်းတိုင်စေ
- ၅း၂၀ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၇)**
- ၇း၀၀ MRTV-4 7th Anniversary Live Show (Day-1)(Part-5)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အသုံးချနိုင်မှုပြသပွဲ
- ၈း၄၀ Korea City of Seoul is ... Transportation
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၂၉)**
- ၁၀း၂၀ FIFA U-20 WORLD CUP COLOMBIA 2011 (Argentina Vs Korea DPR) (DELAY)
- ၁၂း၀၅ VJ Choice
- ၁၂း၃၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
- ၁၂း၄၀ မြန်မာကြိုက်နဲ့သာဖြူပရုတ်ဆီ
- ၁၂း၄၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁း၂၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့. . . သစ်မွှေးစိုက်ကြစို့
- ၁း၃၅ နွေးထွေးသော ဝန်ဆောင်မှုများနှင့် ဧဒင်
- ၁း၄၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
- ၂း၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (Egypt Vs Austria) (DELAY)
- ၃း၄၅ လှမ်းခဲ့ပါဆွေ "မနောမြေ"
- ၃း၅၅ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
- ၄း၀၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
- ၄း၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Disney World)
- ၄း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Portugal Vs New Zealand) (LIVE)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ဗြိတိန်သံရုံးမှ ဒုတိယသံရုံးအကြီးအကဲနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ Mr. Jeremy Hodges နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**(ဝဲပုံ)** ယင်းသို့တွေ့ဆုံရာတွင် ဌာနကြီးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အင်ဂျင်နီယာနှင့် သိပ္ပံဘာသာရပ် MSI မှ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၄

MSI ပညာရေးမှ ပထမဦးဆုံး ကြီးမှူးကျင်းပသည့် ဘာသာရပ်များအကြောင်း နိုင်ငံတကာရှိ တက္ကသိုလ်များတွင် တက်ရောက်နေဆဲဖြစ်သော တက္ကသိုလ်ကျောင်းသားများ၏ ပညာသင်စဉ်ကာလ အတွေ့အကြုံ၊ ဘာသာရပ်ရွေးချယ်မှု နည်းလမ်းများနှင့် ကျောင်းပြီးချိန်ကာလ လုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ရမည့် အကြောင်းအရာများကို ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ အလံပြဘုရားလမ်းရှိ Park Royal Hotel Meeting Room (2) တွင် ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် အောက်တိုဘာလ၌ စတင်ဖွင့်လှစ်မည့် Diploma in Electrical & Electronics Engineering (DEEE)နှင့် Diploma in Mechanical Engineering Design (DMED) Program အသစ်နှစ်ခု၏ အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းပြောကြားဆွေးနွေးပေးမည်ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် PSB Academy မှ ကျောင်းလျှောက်လွှာကြေးစင်ကာပူဒေါ်လာ ၃၅၃ ကင်းလွတ်ခွင့်ရရှိမည့်အပြင် ကျောင်းသားဗီဇာကြေးစင်ကာပူဒေါ်လာ ၃၀ ပါ ပူးတွဲကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း၊ ထိုအခွင့်အရေးကို ဩဂုတ် ၉ ရက်မှ ဩဂုတ် ၁၅ ရက်အတွင်း ကျောင်းလျှောက်လွှာနှင့်တကွ ပညာရေးဆိုင်ရာ စာရွက်စာတမ်းအပြည့်အစုံရှိပြီး ကျောင်းသားများသာလျှင် အကျိုးခံစားခွင့်ရှိကြောင်း၊ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်မှာ မြန်မာနိုင်ငံမှ အထက်တန်းအောင်မြင်ပြီးသော ကျောင်းသားများ တစ်ဘာသာလျှင် ပျမ်းမျှရမှတ် ၆၀ နှင့်အထက် ရှိရမည်ဖြစ်ကြောင်း၊ GCE 'O'Level တစ်ဘာသာလျှင် Grade 'C' နှင့် အထက်ရှိရမည်ဖြစ်ကြောင်း၊ GCE O Level/IGCSE တို့တွင် အင်္ဂလိပ်စာဘာသာရပ်မှာ အနိမ့်ဆုံး Grade 'D' (သို့) E ရရှိထားသော ကျောင်းသားများသည် PSB Academy မှစစ်သော အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ ၁၁ နာရီထိ တစ်နာရီကြာ ဖြေဆိုရမည်ဖြစ်ကြောင်း၊ ကျောင်းသားများသည် ဩဂုတ် ၁၀ ရက် ညနေ ငါးနာရီနောက်ဆုံးထားပြီး MSI ရုံးခန်းတည်ရှိရာ အမှတ်(၂၃၄) ရွှေဘုံသာ အလယ်လမ်း ဒုတိယထပ် (ညာ) ဖုန်း-၀၁-၃၈၉၉၁၅၊ ၂၅၀၉၂၉ နှင့် ၀၉-၅၁၀၃၉၁၅ တို့သို့ စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည် တွင်း၊ ပြည် ပ အား က စား သ တင်း များ

တောင်ကြီးတက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၄

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် ၂၀၁၁ ခုနှစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဩဂုတ် ၂ ရက် ညနေ ၃ နာရီတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တောင်ကြီးတက္ကသိုလ် ၂၀၁၁ ခုနှစ် ကာယဗလမောင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများက ဒို့ဇာတိမာန် အောင်ပွဲခံ သရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနုနုစံက ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲစည်းကမ်းများကို ဖတ်ကြားပြီး ကာယဗလမောင်များ ဒုတိယအဆင့်နှင့် ကာယအလှမယ်များ ဒုတိယအဆင့်တို့ကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ကာယဗလမောင်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ မောင်မင်းထက်နိုင် (ဓာတုဗေဒ)၊ တတိယဆုရ မောင်ဆော်ရယ် (ဥပဒေပညာ)နှင့် ဒုတိယဆုရ မောင်မောင်ထွန်း (သမိုင်း) တို့အား ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ပထမဆုရ မောင်ဝင်းမြင့်အောင် (ဘူမိဗေဒ)အား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ကာယအလှမယ်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ မဆုမွန်ထွေး (သင်္ချာ) နှင့် မမျိုးသိမ့်သိမ့်ဟန် (အရှေ့တိုင်းပညာ)တို့အား ပြည်နယ်စာရင်းစစ်ချုပ်၏ ဇနီးက လည်းကောင်း၊ ပဉ္စမဆုရ မမြစန္ဒာအောင် (ဥပဒေ)နှင့် စတုတ္ထဆုရ နန်းဝါဝါထွန်း (စာရင်းအင်း) တို့အား ပြည်နယ်ဥပဒေချုပ်၏ ဇနီးက လည်းကောင်း၊ တတိယဆုရ မနုနုထွေး (မြန်မာစာ)၊ ဒုတိယဆုရ မအေးစန္ဒာဦး (ဒဿနိကဗေဒ)နှင့် ပထမဆုရ မမျိုးသန္တာထွေး (ဓာတုဗေဒ)တို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီး၏ ဇနီးကလည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော်အားကစားကွင်း (ဃဃ)အုပ်စု

အမှတ်(၂) လျှပ်စစ်ဝန်ကြီးဌာန တစ်ဂိုး

(ကျော်ထက်အောင်)

ပြည်ထဲရေးဝန်ကြီးဌာန တစ်ဂိုး

(လှဝင်းထွန်း)

(ဒိုင်လူကြီး)ဦးဆန်ဌေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော် လယ်ဝေးအားကစားကွင်း (ဃဃ)အုပ်စု

သတ္တုတွင်းဝန်ကြီးဌာန နှစ်ဂိုး

(မျိုးသူဝင်း၊ ရဲထူးဇော်)

လူမှုဝန်ထမ်းဝန်ကြီးဌာန ဂိုးမရှိ

(ဒိုင်လူကြီး)ဦးသောင်းရွှေမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၅-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း (ကက)အုပ်စု

ဆောက်လုပ်ရေး နှင့် မွေး/ရေ

နေပြည်တော် လယ်ဝေးအားကစားကွင်း (ကက) အုပ်စု

ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး

(၁၀၇)

ဟိုဆေးအင်းနရစ် လီဗာပူးသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၄

နယူးကာဆယ်အသင်း၏ ဘယ်နောက်ခံကစားသမား ဟိုဆေးအင်းနရစ်သည် ပေါင်ရှစ်သန်းဖြင့် လီဗာပူးသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည့် ဟိုဆေးအင်းနရစ်။

အသက် (၂၅)နှစ်ရှိ ဟိုဆေးအင်းနရစ်သည် နယူးကာဆယ်အသင်း၏ နောက်တန်း ဘယ်အစွန်နေရာတွင် အထူးခြေစွမ်းပြနိုင်သော်လည်း နောက်ပိုင်းတွင် အသင်းနှင့်ဆက်ဆံရေး မပြေလည်မှုများကြောင့် အသင်းပြောင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းကလည်း အားနည်းနေသည့် ဘယ်နောက်ခံနေရာအတွက် ခြေစွမ်းခြေစရှိသည့် ကစားသမားတစ်ဦးကို ရှာဖွေလျက်ရှိရာ ယခု ဟိုဆေးအင်းနရစ်ကို ချယ်လ်ဆီးနှင့်အပြိုင် ကမ်းလှမ်းခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းအနေဖြင့် ကစားသမားများနှင့် အဆင်မပြေဖြစ်၍ အဖိုးတန်ကစားသမားများကို လက်လွှတ်ရမည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်ရှိပြီဖြစ်သည်။ လီဗာပူးနည်းပြ ကင်နီဒဂလက်ရှ်အနေဖြင့် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ဂျော်ဒန်ဟန်ဒါဆင်၊ ချာလီအဒမ်နှင့် စတီးဝပ်ဒေါင်းနင်းတို့ကို ခေါ်ယူထားပြီးဖြစ်၍ ယခု ဟိုဆေးအင်းနရစ်အတွက် အသုံးပြုမည့် ပေါင်ရှစ်သန်းနှင့်ဆိုလျှင် လီဗာပူးအသင်း၏ အသုံးစရိတ်မှာ ပေါင်သန်း ၆၀ ကျော်ရှိလာမည်ဖြစ်သည်။ *ESPN*

နာဆရီအားခေါ်ယူရေး မန်စီးတီး လက်မလျှော့သေး

လန်ဒန် ဩဂုတ် ၄

မန်စီးတီးအသင်းသည် အာဆင်နယ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား နာဆရီကို ခေါ်ယူရန်ကြိုးပမ်းမှုကို လက်မလျှော့သေးဘဲ ယခုအချိန်တွင် အဆိုပါကစားသမားကို ပေါင် ၂၂သန်းဖြင့် ထပ်မံကမ်းလှမ်းရန် ပြင်ဆင်နေသည်ဟု သိရသည်။

နာဆရီသည် အာဆင်နယ်နှင့် စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သော်လည်း စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခြင်းမရှိဘဲ အခြေအနေကို စောင့်ကြည့်လျက်ရှိနေသည်။ အာဆင်နယ်က မိမိ၏ကစားသမားကို တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းတစ်သောင်းပေး၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်နေသည်။ သို့သော် မန်စီးတီးက အဆိုပါပြင်သစ်နိုင်ငံသားကို တစ်ပတ်လုပ်ခ ပေါင် တစ်သိန်းခြောက်သောင်းပေးမည်ဟု ဆိုလာခြင်းကြောင့် ကာယကံရှင်နာဆရီအတွက် တွေဝေမှုကို ဖြစ်ပေါ်စေခဲ့ရသည်။ *The Sun*

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၄

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၂	ကယားပြည်နယ်	၂၄	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၆	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီးနေရာကွက်၍ မိုးကြီးနိုင်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၀	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး ဒေသအလိုက်မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးအသင့်အတင့်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၆	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%

ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

စုပေါင်း လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပညာ့ဝတီရိပ်သာ စစ်တောင်းလမ်းနေ ဦးအောင်မိုးကျော်နှင့် ဝန်ထမ်းမိသားစု၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက ရွှေတိဂုံစေတီတော် ဦးဘိုးနီ၊ ဇနီး ဒေါ်ခင် တန်ဆောင်း၌ ကျင်းပရာ ဆရာတော်အရှင်သူမြတ်များအား စုပေါင်းလှူဒါန်းခြင်းနှင့် ရွှေတိဂုံစေတီတော်နှင့် ကျိုက်ထီးရိုးစေတီတော်တို့အား အလှူငွေကျပ် ကိုးသိန်းစီတို့ကို လှူဒါန်းကြသည်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရေကူးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

၂၀၁၁ ခုနှစ် (၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရေးနှင့် ထူးချွန်ထက်မြက်သော ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရေကူးပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီမှစတင်၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ မီတာ ၁၀၀ နှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀×၄ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၅၀×၄ လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲ စသည့် ပြိုင်ပွဲအမျိုးအစား ၁၂ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဂျပန်ဘောလုံးငွေကြယ်ပွင့် နာအိုကီမတ်ဆုဒါ ကွယ်လွန်

တိုကျို ဩဂုတ် ၄

ဂျပန်လက်ရွေးစင် ကစားသမားတစ်ဦးဖြစ်သည့် အသက် (၃၄)နှစ်အရွယ် နာအိုကီမတ်ဆုဒါ**(ဓါတ်ပုံ)**သည် နှလုံးရောဂါဖြင့် ယနေ့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း The Sun တွင် ဖော်ပြထားသည်။

ဂျပန်ဘောလုံးငွေကြယ်ပွင့် နာအိုကီမတ်ဆုဒါသည် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျပန်အသင်းနှင့်အတူ အထူးခြေစွမ်းပြခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် နိုင်ငံအသင်းအတွက် ပွဲပေါင်း ၄၀ အထိ အနိုင်ရရှိအောင် စွမ်းဆောင်ပေးထားသည့် စံပြကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည်ပြီးခဲ့သည့် အင်္ဂါနေ့ကပင် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းခဲ့သေးသည်ဟု ဆိုသည်။ *The Sun*

ဟန်သစ်

မြန်မာနိုင်ငံ ကြက်တောင်နှင့် ဂျူဒို လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၄

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် Asian Junior Sports Exchange Games 2011 ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကြက်တောင်လက်ရွေးစင်အသင်းနှင့် ဂျူဒိုလက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်တောင်လက်ရွေးစင်အသင်းတွင် အမျိုးသားအားကစားသမားများအဖြစ် လင်းထက်ကြူ၊ ရွှေမောင်းနှင့် ဘုန်းပြည့်နိုင်၊ အမျိုးသမီးအားကစားသမားများအဖြစ် အိအိချော၊ သက်ထားသူဇာနှင့် နန်းမိုဟွမ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘလှိုင်၊ အမျိုးသားနည်းပြအဖြစ် ဦးကျော်ကျော်လွင်၊ အမျိုးသမီးနည်းပြအဖြစ် ဒေါ်ဝင်းပပထွန်းတို့ လိုက်ပါသွားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂျူဒိုလက်ရွေးစင်အသင်းတွင် အမျိုးသားအားကစားသမားများအဖြစ် အောင်နိုင်ဦး၊ ချစ်မင်းသူနှင့် ဘန်နီးလျန်အုပ်၊ အမျိုးသမီးအားကစားသမားများအဖြစ် သိန်းသိန်းပြည့်၊ နှင်းဧကရီနှင့် ယုယုမွန်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးအောင်နိုင်ဆွေ၊ နည်းပြအဖြစ် ဦးကြည်နိုင်နှင့် ဒေါ်ခင်မူမူတို့ လိုက်ပါ၍ စကားပြန်အဖြစ် ဦးမင်းသိမ်း လိုက်ပါသွားမည်ဖြစ်သည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မန္တလေးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးမှာကြား

နေပြည်တော် ဩဂုတ် ၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၂ ရက် ညနေ ၄ နာရီတွင် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ (၂၃၀) ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ခွဲရုံအစည်းအဝေးခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန(မြောက်ပိုင်း) စီမံကိန်းမန်နေဂျာက စီမံကိန်းမန်နေဂျာရုံး မန္တလေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများပြီးစီးမှု၊ (၆၆) ကေဗွီ ကျောဓာတ်အားခွဲရုံ မြေနေရာလျာထားမှု၊ ကျောဓာတ်အားခွဲရုံမှ (၆၆) ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးရန်၊ (၆၆) ကေဗွီ ကျော-ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်း လိုင်းအူကြောင်း တိုင်းတာဆောင်ရွက်မှုများနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံတွင် တည်ဆောက်လျက်ရှိသော မြို့ပြတည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု၊ Switch Yard တည်ဆောက်မှုနှင့် ပစ္စည်းများရောက်ရှိမှု၊ (၂၃၀/၃၃/၁၁) ကေဗွီ (၁၀၀) အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက မြောက်ပြင် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိုးတက် ကောင်းမွန်လာစေရေး ဆောင်ရွက်ထားရှိမှု၊ မန္တလေးခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးမှု၊ ပြည်လုံးကျော် ပင်မဓာတ်အားခွဲရုံ မြေနေရာရွေးချယ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Switch Yard အတွင်း (၂၃၀/၃၃/၁၁)ကေဗွီ (၁၀၀) အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီးစီးမှု၊ Switch Yard တည်ဆောက်နေမှု၊ Switch Yard Gantry, Colum တိုင်တပ်ဆင်ရန် Foundation လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် (၂၃၀) ကေဗွီ ရွှေစာရံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း ဓာတ်အားထိန်းချုပ်ကွပ်ကဲနေမှုနှင့် ဓာတ်အား လက်ခံရရှိမှု၊ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှု၊ Control Panel များ တပ်ဆင်ထားရှိမှု၊ Switch Yard အတွင်း (၂၃၀/၁၃၂/၁၁) **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး (၂၃၀)ကေဗွီ ရွှေစာရံ ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၈-၂၀၁၁

သံတွဲ
၇ ဒသမ ၂၄ လက်မ

တောင်ကုတ်
၄ ဒသမ ၅၇ လက်မ

ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၄

ရွှေကျင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၆၇၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)